# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝင်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ မှတ်(၁၁၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ယနေ့ *သတင်းအညွှန်း*

**တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ဆက်ကပ်လျှုဒါန်း**


ပြည်တွင်းသတင်း စာ ၃


**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**


ဥပဒေ စာ ၄


**MSME အသွင် သက်ဝင်လာသည့် မြန်မာ့ဂုဏ်ဆောင် ရိုးရာလက်ရက်ကန်းလုပ်ငန်း**


ဆောင်းပါး စာ ၆


## အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဇန်နဝါရီလအတွင်း ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ်များ စုစုပေါင်း ၄၆ မျိုး၊ ကောင်ရေ ၂၄၁၇၇ ကောင် စာရင်းကောက်ယူနိုင်

မိုးညှင်း ဇန်နဝါရီ ၂၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဇန်နဝါရီလအတွင်း အာရှရေပျော်ငှက်စာရင်းကောက်ယူရာ၌ ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ်များ စုစုပေါင်း ၄၆ မျိုး၊ ကောင်ရေ ၂၄၁၇၇ ကောင်ကို စာရင်းကောက်ယူနိုင်ခဲ့ကြောင်း အင်းတော်ကြီး ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အင်းတော်ကြီးအိုင်သို့လာရောက်ဆောင်းခိုလေ့ရှိသည့် အဆိုပါရှားပါးငှက်မျိုးစိတ်များနှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ်များသည် ယခုနှစ် ဇန်နဝါရီလအတွင်း အာရှရေပျော်ငှက်စာရင်းကောက်ယူချက်များအရ ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ် ၂၉ မျိုး၊ ငှက်ကောင်ရေ ၁၇၂၇၅ ကောင်နှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ် ၁၇ မျိုး၊ ငှက်ကောင်ရေ ၆၉၀၂ ကောင် စုစုပေါင်း ငှက်ကောင်ရေ ၂၄၁၇၇ ကောင်ကို အင်းတော်ကြီးအိုင်၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် အင်းတော်ချောင်းတစ်လျှောက် ချောင်းဘေးဝဲ/ယာနှင့် ဆက်စပ်ရေဝပ်ဒေသများရှိ ကိုင်းတောများအတွင်းသို့ တာဝန်ရှိသူများက အဖွဲ့များခွဲ၍ စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖




# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ဆက်ကပ်လှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၂၄**

(၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ (၁၈)ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ် ရရှိတော်မူသည့် ဘဒ္ဒန္တဝိစိတ္တသာရ ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတွင်ပါရှိသည့် ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၁-၁၂-၂၀၂၅ ရက်နေ့မှ ၂၂-၁-၂၀၂၆ ရက်နေ့အထိ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ကျင်းပနေကြောင်းကို သိရှိရပါကြောင်း။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံး ကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါကြောင်း။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်း စောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၈)ကြိမ်မြောက် ကျင်းပသော စာမေးပွဲကြီးတွင် အဘိဓမ္မာ(နောက်ပိုင်း) ယမကနှင့် ပဋ္ဌာနပဟူသော ခက်ခဲနက်နဲလှသည့် ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ် သဘောအဓိပ္ပာယ်များကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် (၃)လက်အမှတ်တံဆိပ်ပါသာသနာ့ အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားရပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ဝန်းရံကျေးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၅၆ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တင်းတိန်ရံဈေး၊ ဓမ္မိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူ (၁/၂) ဘွဲ့၊ နိကာယဝုမ္ဘိသမိတိဝိနယကောဝိဒဘွဲ့၊ နိကာယုဇ္ဈောတကဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဈောတက ဒီဃနိကာယဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတက အတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့၊ နိကာယုဇ္ဈောတက မဇ္ဈိမဘာဏဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတကမဇ္ဈိမအာဘိဓမ္မိကဘာဏကဘွဲ့ စသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၆ ခုနှစ်တွင် ကျင်းပသော (၆၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါကြောင်း။

တပည့်တော်များ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အစိုးရလက်ထက် ယခုနှစ် ကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှ ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်း စသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၈)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရထံ သဝဏ်လွှာကို ဆက်ကပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက် ပဓာနနာယက၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက် ပဓာနနာယက၊ တိပိဋကဓရ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ ဆရာတော် အရှင်သူမြတ်က သာသနာတော် ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရာတွင် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော ပုဂ္ဂိုလ်တို့ကို ချီးမြှောက်သင့်ကြောင်း ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့ကြောင်း၊ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် နှင့်တကွ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် စသည့် အကြီးအကဲများက လာရောက်ချီးမြှင့်ဆက်ကပ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ချီးမြှောက်သင့် ချီးမြှောက်ထိုက်သူများကို ချီးမြှောက်သဖြင့် အနာဂတ်သံဃာတော်များ အားကျအတုယူဖွယ် လုပ်ဆောင်ချက်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၀၁ ခုနှစ်မှစ၍ ကျောင်းတိုက်ကိုစတင်တည်ထောင်ခဲ့ရာ ၂၀၂၆ ခုနှစ်တွင် ၂၅ နှစ် ပြည့်မြောက်ပြီး ဖြစ်ပါကြောင်း၊ ကျောင်းတိုက် တည်ထောင်သည့် ကာလအတွင်း (၆၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ (၇၇)ကြိမ်မြောက်တွင်တစ်ပါး၊ ယခု (၇၈) ကြိမ်မြောက်တွင် တစ်ပါး စုစုပေါင်း သာသနာ့အာဇာနည် သုံးပါး ပေါ်ထွန်းခဲ့ပြီဖြစ်သဖြင့် ဆရာတော်နှင့်တကွ ကျောင်းတိုက်ရှိ တပည့်သံဃာတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ အားလုံးက ဝမ်းမြောက်နှမော်သာဓုခေါ်ဆိုပါကြောင်း ဩဝါဒပြုမိန့်ကြားပြီး အခမ်းအနားကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

အဆိုပါ ဇန်နဝါရီလအတွင်း တွေ့ရှိရသည့် အာရှရေပျော်ငှက်စာရင်းများ ကောက်ယူရာတွင် ရှားပါးဆောင်းခို ရေပျော်ငှက်မျိုးစိတ်နှင့် ဒေသရင်း ရေပျော်ငှက်မျိုးစိတ်တို့သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ရေပျော်ငှက်မျိုးစိတ်တစ်မျိုးနှင့် ငှက်ကောင်ရေ ၃၉၇၀ ကျော်ခန့် ပိုမိုတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ အများဆုံးတွေ့ရှိရသည့် ရှားပါးဆောင်းခို ရေပျော်ငှက်မျိုးစိတ်များမှာ တောငန်း ၄၈၀၅ ကောင်၊ ဘဲဖြူနက် ၃၀၀၂ ကောင်၊ ရေကြက်ဒုံ ၂၁၅၉ ကောင်၊ ကြိုးကြာခေါင်းမည်း ၁၇၆၈ ကောင်၊ စင်ရော်ခေါင်းညို ၁၅၃၃ ကောင်၊ စင်ရော်ခေါင်းမည်း ၇၉၄ ကောင်၊ ပို့ချပ်ဘဲ ၅၀၅ ကောင်၊ ဘဲနီစပ်အကောင် ၅၈၀ နှင့် ဘဲမည်းအကောင် ၄၃၀ စသည်တို့ ပေါ်များစွာ လာရောက်ဆောင်းခို ကျက်စားကြလျက်ရှိပြီး ဒေသရင်း ရေပျော်ငှက်မျိုးစိတ်များဖြစ်သည့် စစ်စလီ ၂၅၃၂ ကောင်၊ တင်ကျီးအကောင် ၁၂၀၀၊ မယ်ညို ၁၅၀၉ ကောင်နှင့် တစီးမှုတ် အကောင် ၄၆၀ တို့ ပေါ်များစွာ ကျက်စားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေပျော်ငှက်မျိုးစိတ်များ စာရင်းကောက်ယူခြင်းကို အင်းတော်ကြီးအိုင်၏ အရှေ့ဘက်လမ်းကြောင်းတွင်လည်းကောင်း၊ အနောက်ဘက်လမ်းကြောင်းတွင်လည်းကောင်း၊ အင်းတော်ချောင်းတစ်လျှောက် ချောင်းဘေး ဝဲ/ယာနှင့် ဆက်စပ်ရေဝပ်ဒေသများတွင်လည်းကောင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ၂၀၂၅ ခုနှစ်က မတွေ့ရှိခဲ့ရသည့် စက္ကဝါက်လေးကောင်၊ ငှက်နှုတ်သီးလန်သုံးကောင်နှင့် ဒီလုံးရင်ညို ခြောက်ကောင် စသည့် ငှက်မျိုးစိတ်သုံးမျိုးကို ပြန်လည်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို**
**တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ဥပဒေအမှတ် ၁ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ) နှင့် (ဌ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) **တင်သွင်းလွှာ** ဆိုသည်မှာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ စိစစ်ခြင်းသဘောထားရယူရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေအရ သတ်မှတ်ထားသည့် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့က ခုံရုံးသို့ တင်သွင်းသည့် တင်သွင်းလွှာကို ဆိုသည်။

(ဈ) **အဓိပ္ပာယ်ဖွင့်ဆိုခြင်း** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အလို့ငှာ အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းလာသော တင်သွင်းလွှာများအတွက် ခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆိုသည်။

(ည) **သဘောထား** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ)တို့အလို့ငှာ စိစစ်ပေးရန် တင်သွင်းလာသော တင်သွင်းလွှာများအတွက် ခုံရုံး၏ စိစစ်ပြန်ကြားသော သဘောထားကို ဆိုသည်။

(ဋ) **ဆုံးဖြတ်ခြင်း** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ)တို့ အလို့ငှာ ဆုံးဖြတ်ပေးရန် တင်သွင်းလာသော တင်သွင်းလွှာများအတွက် ခုံရုံး၏ ဆုံးဖြတ်ချက်ကိုဆိုသည်။

(ဌ) **အီလက်ထရောနစ်ဆက်သွယ်ရေးနည်းလမ်း** ဆိုသည်မှာ စာရွက်စာတမ်း၊ ရုပ်ပုံ၊ အသံ သို့မဟုတ် ရုပ်ပုံနှင့် အသံတို့ကို အပြန်အလှန်ပေးပို့ဆက်သွယ်နိုင်သည့် ဖက်စ် (Fax)၊ အီးမေးလ် (E-mail)၊ ဝက်ဘ်ဆိုက် (Website) တို့အနက် တစ်နည်းနည်းဖြင့် ဆက်သွယ်ဆောင်ရွက်သည့် သို့မဟုတ် ဗီဒီယိုကွန်ဖရင့်စနစ် (Video Conferencing) သို့မဟုတ် တိုက်ရိုက်ရုပ်မြင်သံကြားဆက်သွယ်မှု (Live Television Link) သို့မဟုတ် အခြားအီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်သည့် နည်းလမ်းတစ်ခုခုကို ဆိုသည်။"

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)၊ ပုဒ်မခွဲငယ်စိတ် (ဂဂ) ၏နောက်တွင် ပုဒ်မခွဲငယ်စိတ် (ဃဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"သို့မဟုတ်**

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။"

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဈ) ကို ပယ်ဖျက်ရမည်။

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ (က) တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အားလုံးက ကြားနာဆုံးဖြတ်ရမည်။ တာဝန်တစ်ရပ်ရပ်အရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင်အားလုံးဖြင့် ဖွဲ့စည်းရုံးထိုင်နိုင်ခြင်းမရှိပါက ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး ခုနစ်ဦးဖြင့် ဖွဲ့စည်းကြားနာဆုံးဖြတ်နိုင်သည်။

(ခ) အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် စိစစ်ခြင်း ကိစ္စရပ်များတွင် ခုံရုံး၏ သဘောထားရယူရန် တင်သွင်းလာသည့်အခါ ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့် တင်သွင်းလွှာနှင့်အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမရှိလျှင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးခြင်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် သဘောထားကို ပြန်ကြားနိုင်သည်။"

၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၁ တွင် ပယ်ဖျက်ထားသော ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း ပြန်လည်ဖြည့်စွက်ရမည်-

"(စ) ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။"

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ခုံရုံးသည် တင်သွင်းလွှာကို ဆောင်ရွက်နေသည့်အမှု၏ မည်သည့်အဆင့်၌မဆို လိုအပ်ပါက အီလက်ထရောနစ်ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် ဆက်သွယ်အသုံးပြုဆောင်ရွက်နိုင်သည်။"

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ခုံရုံးသည် -

(က) တင်သွင်းလွှာကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ ကြားနာပြီးနောက်ဖြစ်စေ၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင် တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးပြီးနောက်ဖြစ်စေ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားကို ဆောလျင်စွာ ချမှတ်နိုင်ရန်နှင့် ပြန်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ ကြားနာသည့် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားကို ဥက္ကဋ္ဌအပါအဝင် ကြားနာသည့် ခုံရုံးအဖွဲ့ဝင် ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ဃ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)နှင့်စပ်လျဉ်းသည့် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထားကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ပြန်ကြားရမည်။"

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ အခန်း (၆) ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့၏ အကျိုးသက်ရောက်မှု"

၁၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) အရ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် တူညီသော ဥပဒေဆိုင်ရာ အငြင်းပွားမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၂၄။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထား အသီးသီးသည် အပြီးအပြတ်အတည်ဖြစ်စေရမည့်အပြင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာ နေရာဒေသအသီးသီးသို့လည်းကောင်း အာဏာ သက်ရောက်စေရမည်။"

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဇွန်ဘာပွဲတော်နှင့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာသိုင်းစွမ်းရည်ပြပွဲ တက်ရောက်အားပေး



**မြစ်ကြီးနား ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့တွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းကိုယ်လက်လှုပ်ရှားအစီအစဉ် ဇွန်ဘာပွဲတော် (Zumba Festival) နှင့် (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာသိုင်းစွမ်းရည်ပြပွဲသို့ တက်ရောက်အားပေးသည်။

စုပေါင်းကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ်အရ ကျင်းပသည့် Zumba Festival တွင် ပြည်ထောင်စုဝန်ကြီးက Zumba အကသည် လက်တင်အမေရိကန်ဂီတနှင့် ကကွက်များကို ပေါင်းစပ်ထားသော ကာယလေ့ကျင့်ခန်းတစ်မျိုးဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာ နှစ်သက်စွာလေ့ကျင့်လျက်ရှိကာ Zumbaကစားခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများ ရရှိစေခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်စေပြီး နှလုံးကျန်းမာရေး တိုးတက်စေခြင်း၊ ကြွက်သားသန်မာစေခြင်းနှင့် ဟန်ချက်ညီမှုနှင့်ညီညွတ်မှု တိုးတက်စေခြင်းတို့အပြင် စိတ်ဖိစီးမှုလျော့ပါးစေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှု တိုးတက်စေခြင်းများ ရရှိပါကြောင်း၊ ထို့အပြင် လူမှုရေးဆိုင်ရာ ကောင်းကျိုးများအဖြစ် လူမှုဆက်ဆံရေး တိုးတက်စေခြင်း၊ အသိုင်းအဝိုင်း ခံစားမှုရရှိစေခြင်းနှင့် အခြားသော အကျိုးကျေးဇူးများအနေဖြင့် မှတ်ဉာဏ်ကောင်းမွန်စေခြင်း၊ လွယ်ကူပျော်ရွှင်စေသော လေ့ကျင့်ခန်းဖြစ်ခြင်း၊ အသက်အရွယ်မရွေး၊ ကျွမ်းကျင်မှု အဆင့်မရွေး လေ့ကျင့်ခန်း တစ်မျိုးဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည့်အတွက် ယခုကဲ့သို့ စုပေါင်းကိုယ်လက်လှုပ်ရှားအစီအစဉ်များကို စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မြန်မာ့သိုင်းစွမ်းရည်ပြပြိုင်ပွဲသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီးက သရုပ်ပြအားကစားသမားများအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ပြီး ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မြန်မာ့ရိုးရာ ကိုယ်လုံကိုယ်ခံပညာကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်သည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ကြိုဆိုပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃) သို့ လာရောက်လေ့လာကြသည့်နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ကြိုဆိုပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ယှဉ်ပြိုင်မည့်ပါတီ ၆ ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်း ယှဉ်ပြိုင်မည့် ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီရှိကြောင်း၊




မြို့နယ်ပေါင်း ၃၃၀ အနက် ၂၆၃ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ပြီး ကျန်ရှိသည့်မြို့နယ်များကိုလည်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးခြင်းနှင့် စုဝေးဟောပြောခြင်းများကို ရက်ပေါင်း ၆၀ သတ်မှတ်၍ တန်းတူညီမျှ ခွင့်ပြုပေးခဲ့ပြီး ရွေးကောက်ပွဲ အပိုင်း (၂) နှင့် အပိုင်း (၃) အတွက် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးမှုများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြသည့်အတွက် ပဋိပက္ခများ၊ အငြင်းပွားမှုများ ကြီးကြီးမားမားမရှိဘဲ တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရွေးကောက်ပွဲစနစ်အနေဖြင့် ပြည်သူ့လွှတ်တော်တွင် FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့တွင် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional System – MMP) တို့ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) စက်များဖြင့် မဲရုံများတွင် မဲဆန္ဒရှင်များ အဆင်ပြေချောမွေ့စွာနှင့် ပွင့်လင်းမြင်သာစွာ မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရန်အတွက် မဲစာရင်းများကို မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု၍ ဥပဒေနှင့်အညီ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်နိုင်ရန် သုံးကြိမ်တိုင်ကပ်ထားကြေညာဆောင်ရွက်ပေးခဲ့မှု၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကိုဖိတ်ခေါ်၍ လည်းကောင်း ဆောင်ရွက်ခဲ့မှု၊ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဲဆန္ဒရှင်ပြည်သူများအတွက် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ပွင့်လင်းမြင်သာစွာ စနစ်တကျဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲအပိုင်းလိုက်တွင် မဲဆန္ဒရှင်များ လာရောက်မဲပေးခဲ့မှုအခြေအနေ၊ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့်ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာများ လာရောက်စောင့်ကြည့်လေ့လာသတင်းရယူခဲ့မှုအခြေအနေ၊ ရွေးကောက်ပွဲအပိုင်းလိုက် အနိုင်ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများနှင့် ရလဒ်စာရင်းများအား ထုတ်ပြန်ကြေညာပေးခဲ့မှုအခြေအနေ၊ ရွေးကောက်ပွဲအပိုင်းလိုက် ပိုမိုပြည့်စုံကောင်းမွန်စေရန်နှင့် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုပုံကို လက်တွေ့ရှင်းလင်းပြသကြပြီး နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက မဲပေးစက်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်များရှိ မဲရုံများကိုလည်းကောင်း၊ သာကေတမြို့နယ်၊ တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်များရှိ မဲရုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု ကြိုတင်ဆန္ဒမဲများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန်၊ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိရန်၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး အမျိုးသားပြတိုက်နှင့် ဗိုလ်ချုပ်ဈေးတို့သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့် ဆရာဖြစ်သင်တန်း (ပထမအဆင့်) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့် ဆရာဖြစ်သင်တန်း (ပထမအဆင့်) သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆင့်မြင့်ပညာဦးစီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ အင်္ဂလိပ်စာ ဆရာ ဆရာမများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ မူလတန်း ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့် သင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်ခဲ့သော အင်္ဂလိပ်စာ ဆရာဖြစ်သင်တန်း(ပထမအဆင့်)တွင် ဝါရင့်ပါမောက္ခကြီးရှစ်ဦးက ပထမအဆင့် အင်္ဂလိပ်စာ ခေါင်းဆောင် ဆရာ ဆရာမများကို မွေးထုတ်ပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ဆရာ ဆရာမများ၏ အင်္ဂလိပ်ဘာသာစကား အပြောအဆို တိုးတက်စေရန် Developing Communicative Skills ၊ စာသင်ခန်းသုံး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စေရန် Classroom Language၊ အင်္ဂလိပ်စာ သဒ္ဒါကျွမ်းကျင်စေရန် Communicative Grammar နှင့် သင်ကြားရသည့် ဘာသာရပ်ကျွမ်းကျင်စေရန် Familiarizing teachers with contents စသည့် ဘာသာရပ် Module လေးခုကို သင်ကြားပေးခဲ့သည်ဟု သိရှိရပါကြောင်း။

အင်္ဂလိပ်စာ ခေါင်းဆောင် ဆရာဖြစ်သင်တန်း (ဒုတိယအဆင့်) ကိုလည်း ခရိုင်၊ မြို့နယ်အဆင့် ပို့ချသွားမည်ဖြစ်ပါကြောင်း၊ သင်ကြားနည်းပုံစံများအနေဖြင့် ပထမအဆင့်နှင့်တူညီသည်ဟုသိရပြီး သင်တန်းမတက်မီ အရည်အချင်းစစ်စာမေးပွဲ (Entry Behavior Test) နှင့် သင်တန်းဆင်း အရည်အချင်းစစ်စာမေးပွဲ (Terminal Behavior Test) တို့ကို ဒုတိယအဆင့်တွင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တတိယအဆင့် ပင်မသင်တန်း (Main Course) ဖြစ်သော မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိရာ မြို့များတွင် မူလတန်းပြဆရာ ဆရာမများအား နာရီပေါင်း ၃၆၀ ကြာ ပို့ချသွားမည်ဖြစ်သည့်အတွက် မူလတန်းပြ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။




ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သင်ကြားရေး အစီအမံများကို အသေးစိတ်ဆွေးနွေးမှာကြားသည်။

မူလတန်းပြ ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့်သင်တန်းကို အဆင့်(၃) ဆင့်ဖြင့် သင်တန်းပို့ချမည်ဖြစ်ပြီး အမျိုးသားအဆင့် (ပထမအဆင့်) အင်္ဂလိပ်စာ ခေါင်းဆောင် ဆရာဖြစ်သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ဇန်နဝါရီ ၂၃ ရက်အထိ သီတင်း နှစ်ပတ်ကြာ အွန်လိုင်းစနစ်ဖြင့် ဝါရင့်ပါမောက္ခရှစ်ဦးတို့က တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များ၊ အထက်တန်းပြအင်္ဂလိပ်စာ ခေါင်းဆောင်များကို ပို့ချခဲ့ခြင်းဖြစ်သည်။

ယင်းသို့ပို့ချရာတွင် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ လက်ထောက်ကထိကမှ ပါမောက္ခအဆင့်အထိ အင်္ဂလိပ်စာ ဆရာဆရာမ ၃၂၃ ဦး၊ ဆရာ အတတ်ပညာဦးစီးဌာနမှ အင်္ဂလိပ်စာ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ဆရာ ဆရာမ ၃၆ ဦးနှင့် အခြေခံပညာဦးစီးဌာနမှ အင်္ဂလိပ်စာ ဆရာ ဆရာမ ၁၉၄ ဦး စုစုပေါင်း ၅၅၃ ဦးတို့သည် အွန်လိုင်းစနစ်ဖြင့် နေ့စဉ် ညနေ ၃ နာရီမှ ၅ နာရီအထိ တက်ရောက် သင်ကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# MSME အသွင် သက်ဝင်လာသည့် မြန်မာ့ဂုဏ်ဆောင် ရိုးရာလက်ရက်ကန်းလုပ်ငန်း

**အစိမ်းရောင်၊ လိမ္မော်ရောင်၊ ခရမ်းရောင်သွယ်တန်းထားသည့် ချည်ခင်များကြားဝယ် ဒေသခံ လုံမပျိုတစ်ဦးက ခြေနင်းတံ ဝါးလုံးလေးလုံးကို မှန်မှန်နင်းကာ လက်ကလည်း ရက်ကန်းကြိုးကို မှန်မှန်လွှဲနေသည်။ လွန်းအိမ်က ဘယ်ညာပြေးလွှား လှုပ်ရှားနေသော်လည်း သူ၏ စိတ်အာရုံက တဖြည်းဖြည်းပုံပေါ်လာမည့် အဆင်ဆန်းပေါ်တွင် စူးစိုက်တည်ငြိမ်လွန်းသည်။ စုတ်ချက်ပိုင်ဆိုင်သည့် ပန်းချီပညာရှင်တစ်ဦးကဲ့သို့ ကျွမ်းကျင်သည့်အတွက် ရက်ကန်းစင်တွင် ချည်များက လျှင်လျှင်မြန်မြန် တစ်ရစ်ပြီးတစ်ရစ် တက်လာကာ အဆင်အသွေးလှလှ ရရှိလာသည်။**

ငွေစန္ဒာ

ရိုးရာစောင်၊ သဘက်၊ ခြုံပဝါ၊ လွယ်အိတ်၊ ပိုက်ဆံအိတ်၊ လုံချည်၊ ပုဆိုး၊ အမျိုးသမီးဝတ် ချည်ထည်များကို ရက်လုပ်နေသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အနီး အမြန်လမ်း ၁၈၉ မိုင်တွင် တည်ရှိသည့် ငွေစန္ဒာရိုးရာလက်ရက်ကန်းလုပ်ငန်းဖြစ်သည်။ ရက်ကန်းလုပ်ငန်းကို ရွှေဘိုမြို့နယ် ဆိပ်ခွံရွာတွင် မိဘဘိုးဘွားများလက်ထက်ကတည်းက စတင်အခြေတည်ခဲ့ပြီး ယခုအခါ လက်ရက်ကန်းစင် ခြောက်ခုဖြင့် လုပ်ငန်းဆောင်ရွက်နေသူက မစုစုရီ ဖြစ်သည်။



"သဘက်၊ ခြုံပဝါ၊ လွယ်အိတ်၊ ပိုက်ဆံအိတ်၊ လုံချည်၊ ပုဆိုးတွေ ရက်လုပ်ပါတယ်။ အဆင်အသွေး ဒီဇိုင်းအပေါ်မူတည်ပြီး သဘက်တစ်ထည်ရဖို့အချိန်က ကွာခြားတယ်။ ရိုးရိုးဆိုရင် တစ်ရက်ကို ငါးထည်လောက် ထွက်ပါတယ်။ အဆင်ဆန်းတယ်၊ လက်ကောက်ဆိုရင် တစ်ထည်ကို ငါးရက်၊ တစ်ပတ်လောက် အချိန်ယူရတာလည်းရှိပါတယ်။ တချို့ ကချင်ဝမ်းဆက်တွေဆိုရင် တစ်လ၊ တစ်လခွဲလောက်ရက်လုပ်ရတာလည်း ရှိပါတယ်" ဟု ပြောသည်။

**အခက်အခဲများကြားမှ ရုန်းကန်ခဲ့ရသည့် မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်းသည် ခေတ်မီစက်ကိရိယာများ၊ ဒီဇိုင်းဆော့ဖ်ဝဲများ၊ နိုင်ငံတကာအဆင့်မီ ချုပ်လုပ်နည်းများ၊ ခေတ်မီဆိုးဆေးနည်းပညာများဖြင့် အရည်အသွေးမြင့်ထုတ်ကုန်များကို ပိုမိုမြန်ဆန်စွာ ထုတ်လုပ်နိုင်လာပြီး ယခုအခါ မြန်မာ့ဂုဏ်ဆောင် MSME လုပ်ငန်းများအဖြစ် ကမ္ဘာ့ဈေးကွက်သို့ ခြေလှမ်းမှန်မှန်ဖြင့် တက်လှမ်းနေပြီ**

### ချည်ခင်များကို အဆင့်ဆင့်ပြုလုပ်

သဘာဝဆေးဆိုးချည်ထည်တစ်ထည် စတင်ရက်လုပ်ရန် အခြေခံအကျဆုံး ချည်ကုန်ကြမ်းအနေဖြင့် (၂/၂၀)ချည်၊ (၂/၄၀)ချည်ကို အသုံးပြုရပြီး ပထမအဆင့်ချည်များကို ဈေးချွတ်ကြရသည်။ ဒုတိယအဆင့် သစ်ရွက်၊ သစ်ခေါက်များကို အသုံးပြု၍ သဘာဝဆိုးဆေးနည်းဖြင့် အရောင်အသွေးရရှိအောင် ဆေးရောင်ဆိုးကြရသည်။ ဆေးဆိုးပြီးသားချည်ခင်များကို နေလှန်းပြီး ချည်ချခြင်း၊ ယောက်လုံးယောက်ခြင်း၊ ချားဆွဲခြင်း၊ နှတ်ကော်ခြင်း၊ ယဉ်သွားသွင်းခြင်းနှင့် ရက်ဖောက်ယောက်ပြီး ရက်ကန်းစင်တွင်တင်ကာ စတင်ရက်လုပ်သည့် အဆင့်သို့ ရောက်ရှိလာသည်။ (၂/၈၀)ချည်၊ (၂/၁၀၀)ချည်နှင့် ယုံချည်များကိုလည်း စတင်ရက်လုပ်ရန် ချည်ခင်များကို ထိုသို့ပင် အဆင့်ဆင့် ပြုလုပ်ကြရသည်။

"မိဘတွေလက်ထက်ကတည်းက လုပ်ကိုင်လာတဲ့ မိရိုးဖလာလုပ်ငန်းဖြစ်တာကြောင့် ဒီလုပ်ငန်းကို ဝါသနာပါတယ်။ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဆိုပေမယ့် လုပ်နိုင်ရင်လုပ်နိုင်သလောက် အကျိုးအမြတ်လည်း ရပါတယ်။ ဘယ်လိုပဲ နိုင်ငံခြားဖြစ်အဝတ်အထည်တွေ ပေါ်လာပါစေ၊ ရိုးရာချည်ထည်တွေကို တန်ဖိုးထားဝတ်ဆင်ကြတဲ့သူတွေလည်း ရှိပါတယ်။ ဒီလုပ်ငန်းက လူမှုစီးပွားဘဝမြင့်မားဖို့ လမ်းစဖြစ်ပါတယ်" ဟု ဆိုသည်။



ရက်ကန်းလုပ်ငန်းသည် ရာစုနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့် မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်သည်။ ဘုရားပုထိုးများ၊ နံရံဆေးရေးပန်းချီများတွင် ရက်ကန်းရက်လုပ်နေပုံများကို တွေ့မြင်နိုင်သည့်အတွက် မြန်မာ့ရိုးရာလက်ရက်ကန်းလုပ်ငန်း၏ သမိုင်းသည် ပုဂံခေတ်ဝန်းကျင်ကတည်းက စတင်ခဲ့သည်ဟု ခန့်မှန်းရသည်။ ကိုလိုနီခေတ်တွင်လည်း ကျေးလက်ဒေသများ၌ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး ရက်ကန်းအတတ်ပညာကို မျိုးရိုးစဉ်ဆက်လက်ဆင့်ကမ်း တီထွင်ဆန်းသစ်လာကြခြင်း ဖြစ်သည်။

ယနေ့ခေတ်တွင် စက်ရက်ကန်းထည်များ၊ နိုင်ငံခြားဖြစ် အဝတ်အထည်အမျိုးမျိုး ဈေးကွက်အတွင်း ဝင်ရောက်လာပြီး လက်ရက်ကန်းလုပ်ငန်းကို စိတ်ဝင်တစားလုပ်ကိုင်မည့် လုပ်သားအင်အားနှင့် သဘာဝဆေးများ ရှားပါးလာမှု၊ ကုန်ကြမ်းဈေးကြီးမြင့်လာမှုတို့ကြောင့် ရိုးရာလက်ရက်ကန်းလုပ်ငန်းများ ရပ်တည်ရှင်သန်ရေးမှာ စိန်ခေါ်မှုများ ရင်ဆိုင်လာရသည်။

### လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းက ပျိုးထောင်ပေး

**"ဆက်လက်ရပ်တည်ဖို့ ခက်ခဲနေတဲ့အခြေအနေမှာ ကျွန်မတို့ လိုအပ်တဲ့နည်းပညာတွေ၊ အရင်းအနှီးတွေနဲ့ ဈေးကွက်ရရှိဖို့ အခွင့်အလမ်းတွေကို သိမြင်ခွင့်ရလာတယ်။ သင်တန်းကာလ တစ်လခွဲလောက် တက်ရောက်ရပါတယ်။ သစ်ရွက်၊ သစ်ခေါက်တွေကို အသုံးပြုတဲ့ သဘာဝချည်ဆိုးဆေးနည်းတွေကိုလည်း လေ့လာသင်ယူခဲ့ရပါတယ်။ ကျွန်မတို့လို တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေကို အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်ပေးပြီး MSME အသွင်ကူးပြောင်း ရပ်တည်နိုင်လာအောင်၊ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းတွေ တိုးတက်လာအောင် လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းက ပျိုးထောင်ပေးလိုက်တာပဲ ဖြစ်ပါတယ်"** ဟု မစုစုရီက ပြောသည်။

လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု နည်းပညာ သင်တန်းတက်ရောက်ခဲ့ပြီး ပိုမိုခေတ်မီလှပသည့် ရိုးရာလက်ရက်ကန်း အထည်ဆန်းများ ထုတ်လုပ်လာနိုင်ပုံနှင့် ဈေးကွက်တွင်နေရာတစ်နေရာ ရရှိလာပုံကို မစုစုရီက ရှင်းပြနေခြင်းဖြစ်သည်။

လက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းအပြင် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကဲ့သို့ နည်းပညာပေးသင်တန်းအမျိုးအစား ၁၃ မျိုးခန့်ကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုလုပ်ကိုင်ရသည့် ကျေးလက်ဒေသမှ စီးပွားရေး လုပ်ငန်းငယ်များအတွက် နည်းပညာသင်တန်းများ၊ အရင်းအနှီးနှင့် ဈေးကွက်ချိတ်ဆက်မှုများ ရရှိအောင် အခြေခံကောင်းများကို ပျိုးထောင်မြေတောင်မြှောက်ပေးနေခြင်းဖြစ်သည်။

စက်ချုပ်နည်းပညာသင်တန်းတွင် အပ်ချုပ်စက်၊ ဒါးစက်၊ ပန်းထိုးစက်၊ ဘီတင်စက် စသည်တို့ကို အသုံးပြုပြီး ဝတ်စုံအမျိုးမျိုး၊ အိတ်များနှင့် ပစ္စည်းအမျိုးမျိုး လက်တွေ့ပိုင်နိုင်စွာ ချုပ်လုပ်နိုင်သည်အထိ သင်ကြားပေးသည်။ ကိုယ်ပိုင်နာမည်၊ တံဆိပ်တစ်ခုဖြင့် ပြည်တွင်း ဈေးကွက်သာမက နိုင်ငံတကာအထိ ထိုးဖောက်နိုင်သည့် ဈေးကွက်အခွင့်အလမ်းများကို ဖန်တီးပေးသည်။

### ပြည်ပနိုင်ငံ ထုတ်ကုန်ပြပွဲများအထိ ဈေးကွက်ရရှိလာ

အလားတူ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ကျေးလက်ဒေသများ၌ လွယ်ကူစွာရရှိနိုင်သော ကုန်ကြမ်းဖြစ်သည့် ဝါးကို ခေတ်နှင့်အညီ ဒီဇိုင်းဆန်းသစ်၍ ဈေးကွက်ဝင် လူသုံးကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နည်းများကို သင်ကြားပေးလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်နှင့်လည်း သဟဇာတဖြစ်၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ဝါးဖြင့် ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို စိတ်ဝင်စားမှုများပြားကြကာ မြန်မာ့ရိုးရာလက်မှုပညာဖြစ်သည့်အတွက် ပြည်ပနိုင်ငံထုတ်ကုန်ပြပွဲများတွင် ပါဝင်ပြသနိုင်သည်အထိ ဈေးကွက်ရရှိလာသည်။

သင်တန်းများက တစ်ပိုင်တစ်နိုင် မိရိုးဖလာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူ ကျေးလက်နေပြည်သူများအား အသေးစားစီးပွားရေး လုပ်ငန်းရှင်များ(Micro)အဖြစ် စတင်နိုင်ရန် အကူအညီပေးသည်။ Micro မှတစ်ဆင့် Small နှင့် Medium အဆင့် ရောက်ရှိအောင် လုပ်ငန်းခွင်အတွက် လိုအပ်သော ကျွမ်းကျင်မှုများရရှိစေသည့်အပြင် တီထွင်ဆန်းသစ်မှုကို အားပေးသည်။

MSMEs သည် လုပ်ငန်းကြီး၊ ကုမ္ပဏီကြီးများထက် ဈေးကွက်လိုအပ်ချက်ကို လျင်လျင်မြန်မြန် သိရှိပြီး ပိုမိုလျင်မြန်စွာ ဆန်းသစ်တီထွင်နိုင်စွမ်း၊ ပြုပြင်ပြောင်းလဲနိုင်စွမ်း ရှိကြသည်။ လုပ်ငန်းငယ်များဖြစ်သည့်အတွက် နည်းပညာအသစ်၊ ဝန်ဆောင်မှုအသစ်၊ ထုတ်ကုန်အသစ်ကို စမ်းသပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းပိုမိုရရှိပြီး ဈေးကွက်စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည်။

သင်တန်းများက မြေတောင်မြှောက်ပေးလိုက်သည့် MSMEs ထုတ်ကုန်များသည် သွင်းကုန်အစားထိုးပစ္စည်းများနှင့် ပြည်ပပို့ကုန်တွင် ပါဝင်လာပြီး နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အထောက်အကူပြုလာသည်။ လူထုအတွင်း ဝင်ငွေတိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဈေးကွက်ချဲ့ထွင်နိုင်မှုကြောင့် မိသားစု လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသလို ကျေးလက်နှင့် မြို့ပြစီးပွားရေးကွာဟမှုကို လျှော့ချပေးနိုင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇန်နဝါရီ ၂၄**

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း အသစ်တည်ဆောက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသော ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်စန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် Shwe Myoh Energy Engineering Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရွှေမြို့(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ၊ ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ကော်မရှင်ဥက္ကဋ္ဌက စီမံကိန်းအား သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် သစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စီမံကိန်းဧရိယာသို့ သွားရောက်၍ Solar Panel နှင့် Solar Tracker တပ်ဆင်နေမှု၊ ဓာတ်အားထိန်းညှိခန်း(Control Room) တည်ဆောက်မည့်နေရာ၊ Weather Station ၊ ဓာတ်အားသိုလှောင်မှုစနစ် (Battery Energy Storage System–BESS) တည်ဆောက်မည့် နေရာနှင့် လုပ်ငန်းခွင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စီမံကိန်းအတွင်း ဒေသခံများအတွက် အလုပ်အကိုင်ဖန်တီးပေးရေး၊ ခေတ်မီနည်းပညာစနစ်များအသုံးပြုထားသဖြင့် စနစ်တကျ ထိန်းသိမ်းကိုင်တွယ် အသုံးပြုနိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ ဖြစ်စေရေး စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Regulation နှင့်အညီ သတ်မှတ်ထားသည့် SOP များအတိုင်း လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် သာစည်မြို့နယ်ရှိ Great Success Energy Co., Ltd. ၏ သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက အသစ်တည်ဆောက်လျက်ရှိသည့် သာစည်(၄၀) မဂ္ဂါဝပ်၊ သပြေဝ(၄၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်နေမှုအခြေအနေ၊ အမျိုးသားဓာတ်အားကွန်ရက်(National Grid)သို့ ဓာတ်အားပို့လွှတ်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော သာစည်၊ သပြေဝ စက်ရုံတို့မှ လျှပ်စစ်ဓာတ်အား (၉၀) မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေနှင့် ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်မည့် သာစည်၊ သပြေဝ(၂၁၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ ကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်ရရှိမှုအပေါ်မူတည်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရခြင်းဖြစ်သည့်အတွက် စွမ်းအင်သိုလှောင်မှုစနစ် (Energy Storage System) ထားရှိ၍ ဓာတ်အားထိန်းညှိမှုစနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စီမံကိန်းအသစ်များကို လုပ်ငန်းလျာထားချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်ပေးနေမှုအခြေအနေနှင့် Leader Power Energy Co., Ltd. မှ အသစ်တည်ဆောက်လျက်ရှိသည့် သာစည်(၄၀)မဂ္ဂါဝပ်စီမံကိန်း အခြေအနေ၊ အမျိုးသားဓာတ်အားကွန်ရက်နှင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအတွက် သစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သပြေဝသို့သွားရောက်၍ Hanzar Solar Energy Co., Ltd. ၏ အသစ်တည်ဆောက်လျက်ရှိသည့် သပြေဝ(၄၀)မဂ္ဂါဝပ် စီမံကိန်းလုပ်ငန်းခွင်အတွင်း တိုးချဲ့တည်ဆောက်နေမှုနှင့် စီမံကိန်းပြီးစီးမှုအခြေအနေ၊ မူလတည်ဆောက်ပြီးသော သပြေဝ(၃၀)မဂ္ဂါဝပ်နှင့် သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသည့်အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအတွက် သစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

သာစည်နှင့် သပြေဝရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (၃) ရုံတို့မှ (၉၀) မဂ္ဂါဝပ် ပို့လွှတ်လျက်ရှိပြီး အသစ်တည်ဆောက်လျက်ရှိသည့် သာစည် (၄၀) မဂ္ဂါဝပ် နှင့် သပြေဝ (၄၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများသည် မကြာမီပြီးစီး၍ ဓာတ်အားပမာဏ (၈၀)မဂ္ဂါဝပ် ထပ်မံပို့လွှတ်နိုင်တော့မည်ဖြစ်ကြောင်းနှင့် ရွှေမြို့(၃၀)မဂ္ဂါဝပ် စီမံကိန်းကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာကေတမြို့နယ်၌ ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို ယမန်နေ့ ညနေပိုင်းက သာကေတမြို့နယ် ၄/တောင်ရပ်ကွက် ရှိ ဘောလုံးကွင်း၌ကျင်းပရာ ပြိုင်ပွဲဝင်ပေါင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ သာကေတ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ရပ်ကွက်နေပြည်သူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက တပျော်တပါး မြန်မာ့ရိုးရာထမနဲထိုး နေကြသည့် ပြိုင်ပွဲဝင်ရပ်ကွက်အသင်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာ ထမနဲပြိုင်ပွဲဝင်ဆုရ အသင်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ထို့အတူ ကျေးလက်ဒေသမှ လူငယ်များ၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်လာပြီး အလုပ်အကိုင်တစ်ခုတွင် တည်ငြိမ်နေသည့်အတွက် မလိုလားအပ်သည့် လူမှုရေးပြဿနာများကို လျှော့ချနိုင်ကာ တည်ငြိမ်အေးချမ်းသည့် ဝန်းကျင်ကောင်းတစ်ခု ဖော်ဆောင်နိုင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် MSME လုပ်ငန်းပေါင်း လေးသောင်းကျော်ရှိပြီး သုတေသနများအရ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ကြကာ အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့် MSMEs များ၏ အခန်းကဏ္ဍကို ကမ္ဘာ့နိုင်ငံအများစုက သတိပြုလာပြီး မူဝါဒများချမှတ် ဆောင်ရွက်လာသည်။ MSME များ ရပ်တည်ရှင်သန်ရေးအတွက် ငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းများ လျှော့ချခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဥပဒေရေးရာ အထောက်အပံ့များပေးခြင်းတို့ကို ဆောင်ရွက်လာကြသည်။

### စွမ်းဆောင်ရည်အလိုက် ဆုများချီးမြှင့်

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့်မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကျေးလက်ဒေသများတွင် သမဝါယမအသင်းများ ဖွဲ့စည်းပြီး အသေးစားစက်မှုလုပ်ငန်းများ ထူထောင်ပေးလျက်ရှိသလို အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချကာ နည်းပညာများ သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရရှိလာသည့် ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် နိုင်ငံတော်က MSME ဈေးရောင်းပွဲတော်များနှင့် ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပကာ စွမ်းဆောင်ရည်အလိုက် ဆုများ ချီးမြှင့်ပေးခဲ့သည်။

**"ပြီးခဲ့တဲ့ MSME ထုတ်ကုန်ပြပွဲမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းစံပြ ထုတ်ကုန်ဆု အထူးဆုကို ရရှိခဲ့ပါတယ်။ ဒီလိုဆုတွေ ရရှိခဲ့ခြင်းကလည်း ကျွန်မတို့ ထုတ်ကုန်တွေကို လူတွေ ပိုမိုသိရှိပြီး ဈေးကွက်ကျယ်ပြန့်ဖို့ အလားအလာကောင်းတွေဖြစ်ပါတယ်။ ဒီလို အမြော်အမြင်ကြီးစွာ ဖော်ဆောင်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"**ဟု ငွေစန္ဒာရိုးရာ လက်ရက်ကန်းလုပ်ငန်းမှ မစုစုရီက ဆက်လက်ပြောကြားသည်။

ရက်ကန်းလုပ်ငန်းသည် မြန်မာတို့၏ ရိုးရာလက်မှုလုပ်ငန်းတစ်ခုအဖြစ်သာရှိခဲ့ရာမှ ယခုအခါ နည်းပညာ၊ တီထွင်ဆန်းသစ်မှု၊ လိုအပ်သည့် အရင်းအနှီးအထောက်ပံ့တို့ဖြင့် မြန်မာ့ရက်ကန်းထည်များ၏ လက်ရာသည် ခေတ်နှင့်အညီ တိုးတက်လာသည်။

နိုင်ငံခြားခရီးသွားများသည်ပင် မြန်မာ့ရိုးရာချည်ထည်များကို စိတ်ဝင်စားလာကြပြီး အထင်ကရနေရာများတွင် အမှတ်တရ ဝယ်ယူဝတ်ဆင်ကာ လေ့လာလည်ပတ်ကြသည်ကို တွေ့ရှိလာရသည်။ ထို့ပြင် ရက်ကန်းကျေးရွာများသို့ သွားရောက်လည်ပတ်၍ ရိုးရာလက်မှုပညာကို လေ့လာကြရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းတို့သည် ယှဉ်တွဲဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။

အခက်အခဲများကြားမှ ရှန်းကန်ခဲ့ရသည့် မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်းသည် ခေတ်မီစက်ကိရိယာများ၊ ဒီဇိုင်းဆော့ဖ်ဝဲများ၊ နိုင်ငံတကာအဆင့်မီ ချုပ်လုပ်နည်းများ၊ ခေတ်မီဆိုးဆေးနည်းပညာများဖြင့် အရည်အသွေးမြှင့်ထုတ်ကုန်များကို ပိုမိုမြန်ဆန်စွာ ထုတ်လုပ်လာနိုင်ပြီး ယခုအခါ မြန်မာ့ဂုဏ်ဆောင် MSME လုပ်ငန်းများအဖြစ် ကမ္ဘာ့ဈေးကွက်သို့ ခြေလှမ်းမှန်မှန်ဖြင့် တက်လှမ်းနေပြီ ဖြစ်သည်။

ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ အွန်လိုင်းပလက်ဖောင်းကို အသုံးပြု၍ ကမ္ဘာအနှံ့အပြားသို့ မြန်မာ့ချည်ထည်များ ခြေဆန့်နိုင်တော့မည်ဖြစ်ရာ မြန်မာ့ရက်ကန်းလုပ်ငန်းသည် ရိုးရာဒီဇိုင်းများ၊ ယဉ်ကျေးမှုနှင့်ခေတ်မီမှုကို ဟန်ချက်ညီညီပေါင်းစပ်ပြီး ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဂုဏ်ယူဖွယ်ရာကိုယ်စားပြုနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

# အိမ်အမိုးအုတ်ကြွပ်ထုတ်လုပ်သည့်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းစက်မှုလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား နည်းပညာထောက်ပံ့ပေးနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ စက်မှုဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များတွင် ဝါးအခြေခံထုတ်လုပ်သည့်လုပ်ငန်းများ၊ မြေထည်အခြေခံအိုး၊ အိမ်အမိုးအုတ်ကြွပ်များ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ဝါးမှချည်မျှင်ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ထို့ကြောင့် ဝါးမှချည်မျှင်ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသုံးချသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လက်မှုလုပ်ငန်းဖြစ်သည့် အိုး၊ အိမ်အမိုးအုတ်ကြွပ်များ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အမြောက်အမြားထုတ်လုပ်နိုင်ရေးအတွက် ဝန်ကြီးဌာနရှိ နည်းပညာများကို မျှဝေပေးရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အုတ်၊ ကွန်ကရီအခြေခံအမိုးပြားများ၊ ကြွေထည်၊ မြေထည်များဖြစ်သည့် ကြွေပြား၊ ပန်းကန်များ၊ ရေအိမ်သုံးပစ္စည်းများကို ထုတ်လုပ်လျက်ရှိသဖြင့် ထုတ်လုပ်သည့်နည်းပညာများ ရှိပြီးဖြစ်ကြောင်း။

သို့သော် အကြီးစားစက်မှုလုပ်ငန်းဖြစ်သဖြင့် တနိုင်တပိုင် အသေးစားစက်မှုလုပ်ငန်းရှင်များ အသုံးပြုနိုင်ရေးအတွက် နည်းပညာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရှိပြီးနည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေးအတွက် စက်ရုံအလိုက် သင်တန်းများဖွင့်လှစ်ခြင်း၊ လက်ဆင့်ကမ်းလေ့ကျင့်သင်ကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျိုင်းတုံဒေသရှိ အိမ်အမိုးအုတ်ကြွပ် ထုတ်လုပ်သည့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ပံ့ပိုးဆောင်ရွက်ပေးမည့်အစီအမံများကိုလည်း လက်တွေ့အခြေအနေနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေထည်လုပ်ငန်းများ ဆောင်ရွက်နေသည့် ပြည်တွင်းလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အိမ်အမိုးအုတ်ကြွပ်ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များကို ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အိမ်အမိုးအုတ်ကြွပ်များအား အရည်အသွေးကောင်းမွန်ပြီး ထုတ်လုပ်မှုစရိတ်သက်သာစွာဖြင့် ဈေးကွက်ဝင်ပစ္စည်းများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မည့် အိမ်အမိုးအုတ်ကြွပ်များသည် ဒေသမှ အသုံးပြုသည့် နည်းလမ်းများနှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သုံးစွဲသူများ စရိတ်သက်သာစွာဖြင့် အိမ်အမိုးများ ပြုလုပ်နိုင်သည့် နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ လက်မှုလုပ်ငန်းနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနရှိ အိမ်အမိုးပြားများ ထုတ်လုပ်လျက်ရှိသည့် စက်ရုံများသို့လည်း သွားရောက်လေ့လာ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကြွေရည်တင်အမိုးပြားထုတ်လုပ်မှု နည်းပညာဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အိမ်အမိုးအုတ်ကြွပ်များ ထုတ်လုပ်သည့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# နေပြည်တော် ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဖွဲ့များ၊ ပြည်သူများစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားကာ ရပ်ကွက်အတွင်း ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်တံတားအနီး ဆင်သေချောင်းရေကြီးရေလျှံမှု လျော့ကျရေးအတွက် ရေလမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ အထောက်အကူပြု Steel Basket ရေလွှဲရေကာများ တည်ဆောက်နေမှု၊ Steel Basket မြေထိန်းနံရံများ ဆောင်ရွက်နေမှုနှင့် သောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ ဆောင်ရွက်ရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။



ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ထားရှိသည့် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအနီး ဆင်သေချောင်းဘေးဝဲယာ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားမြင့်မားရေး အတွက် စိုက်ပျိုးရေရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားကာ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ စိုက်နည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးရန်၊ သဘာဝမြေဩဇာကိုတောင်သူများ ကိုယ်တိုင် ပြုလုပ်သုံးစွဲသွားရန်နှင့် ပလပ်မြေမရှိအောင် ကွက်ပြည့်စိုက်ပျိုးသွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါမြေအောက်ရေဆိုလာရေတင်စနစ်ဖြင့် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအနီး ဆင်သေချောင်းဘေးဝဲယာရှိ ရာသီပြည့် သီးထပ်စိုက်ပျိုးနိုင်မည့် စိုက်ဧက ၃၈၄၄ ဧကကို အကျိုးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ဖျာပုံမြို့နယ်၌ စားအုန်းဆီပြတ်လပ်မှုမရှိစေရေးနှင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့်ရောင်းချမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ စားအုန်းဆီပြတ်လပ်မှုမရှိစေရေးနှင့်သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချမှုရှိစေရေးအတွက် မြို့နယ်စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ လက်လီလက်ကားအရောင်းဆိုင်များကို ယနေ့လိုက်လံကွင်းဆင်း စစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ဖျာပုံမြို့နယ်စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စားအုန်းဆီလက်လီလက်ကားအရောင်းဆိုင်များတွင် စားအုန်းဆီဈေးနှုန်းမြှင့်တင်ရောင်းချခြင်း မရှိစေရေး၊ စားအုန်းဆီပြတ်လပ်မှု မရှိစေရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ/မရှိကို လိုက်လံကွင်းဆင်းစစ်ဆေးပြီး လက်လီလက်ကားအရောင်းဆိုင်လုပ်ငန်းရှင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

## သဘောထားထုတ်ပြန်ကြေညာချက်

**မျိုးဆက်သစ်ဝံသာနုပါတီ**
**သဘောထားထုတ်ပြန်**
**ကြေညာချက် (၁/၂၀၂၆)**
**၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း(၆)ရက်**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) သို့ သွားရောက်ကာ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှုမရှိ/မဟုတ်မမှန်သည့်စွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း၊ တရားမျှတမှုနှင့် အမှန်တရားကို နိုင်ငံ့ဂုဏ်သိက္ခာအတွက် နိုင်ငံချစ်စိတ်ရှိသည့် ပြည်သူတစ်ရပ်လုံးနှင့်အတူ မျိုးဆက်သစ်ဝံသာနုပါတီမှ အပြည့်အဝ ကြိုဆိုထောက်ခံအပ်ပါသည်။

၂။ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာတရားရုံးကိစ္စတွင် မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲပြောဆိုမှုများသည် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ ကာကွယ်ပိုင်ခွင့်ကို ထိပါးပြောဆိုလာခြင်းအတွက် မိမိတို့မျိုးဆက်သစ်ဝံသာနုပါတီမှ ပြင်းထန်စွာ(ပြင်းထန်စွာ) ကန့်ကွက်ရှုတ်ချသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ ကိုယ်စား ICJ တွင် ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံကြောင်းနှင့် မျိုးဆက်သစ်ဝံသာနုပါတီအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတရားမျှတမှု ဂုဏ်သိက္ခာအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မျိုးဆက်သစ်ဝံသာနုပါတီ**

**စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏ စွမ်းပကား။**

# ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ၂၀၁၂ ခုနှစ်တွင် IDP Camp ၁၄ ခု ဖွင့်လှစ်ထားရှိပြီး နိုင်ငံတော်အစိုးရက နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍအတွက် စီမံဆောင်ရွက်ပေးထားခဲ့မှုများနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းနှင့် ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်နေ့က စစ်တွေမြို့နယ် ခေါင်းဒုက္ခာ IDP စခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပြည်နယ်အစိုးရက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ခြင်းနှင့် စပ်လျဉ်း၍ ခေါင်းဒုက္ခာ IDP စခန်းမှ ဦးကျော်သိန်းမောင် (ခ) ဦးမာမောက်အာမီတို့၏ပြောကြားချက်များ

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ၂၀၁၂ ခုနှစ်တွင် IDP Camp ၁၄ ခု ဖွင့်လှစ်ထားရှိပြီး နိုင်ငံတော်အစိုးရက နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍအတွက် စီမံဆောင်ရွက်ပေးထားခဲ့မှုများနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းနှင့် ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်နေ့က စစ်တွေမြို့နယ် ခေါင်းဒုက္ခာ IDP စခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပြည်နယ်အစိုးရက လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ခြင်းနှင့် စပ်လျဉ်း၍ ခေါင်းဒုက္ခာ IDP စခန်းမှ ဦးကျော်သိန်းမောင် (ခ) ဦးမာမောက်အာမီတို့၏ပြောကြားချက်များကို ဖော်ပြအပ်ပါသည်-

**ဦးလှသိန်း (ပြည်နယ်ဥပဒေချုပ်)**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ**

ဘင်္ဂါလီ Camp တွေနဲ့ ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင် ၂၀၁၂ ခုနှစ်မှာ ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီနဲ့ ရခိုင်ပဋိပက္ခအတော်ကို အကြီးအကျယ်ဖြစ်ခဲ့တာပါ။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်တို့ စစ်တွေမြို့ရဲ့ အနောက်ဘက်မှာ ဘင်္ဂါလီ Camp တွေစပြီးတော့ တည်ဆောက်ပေးခဲ့ပါတယ်။

အစိုးရနဲ့ NGO တွေ ပေါင်းပြီးတော့ ဆောက်ပေးခဲ့ပါတယ်။ အဲဒီတုန်းကတော့ Camp အနေနဲ့ ၁၄ ခု၊ လူဦးရေတော်တော်များပါတယ်။ အဲဒီကာလတုန်းကလည်း ကျွန်တော်က ဥပဒေချုပ်ဖြစ်ပါတယ်။ အခုလည်း ဥပဒေချုပ်အဖြစ် ထပ်ပြီးတော့ တာဝန်ပေးလို့ ဆောင်ရွက်တဲ့အတွက် ဒါတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရတာမို့ သိလည်းသိပါတယ်။ အဲဒီ Camp တွေနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲတွေကို Camp အလိုက် အဖွဲ့တွေ ဖွဲ့ပြီးတော့ အဖွဲ့ခေါင်းဆောင်တွေကို တာဝန်ပေးပြီးတော့ ဆောင်ရွက်ပါတယ်။

အဲဒီ Camp တွေနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးပိုင်းကိုပြောရရင် အဲဒီကာလကတည်းက အစကတော့ မိုဘိုင်းလှည့်လည်ပြီးတော့ လစဉ်ဆေးကုသမှုတွေ ပေးပါတယ်။ နောက်ပိုင်းတော့ ကျေးလက်ကျန်းမာရေးလုပ်ပေးတယ်။ ပြီးတော့ သက္ကယ်ပြင်ကျေးရွာမှာ ကျွန်တော်တို့ ခုတင် ၆၀ ဆံ့ တိုက်နယ်ဆေးရုံတစ်ခု ဆောက်ပေးခဲ့ပါတယ်။

ဆေးကုသမှုတွေနဲ့ ပတ်သက်ပြီးတော့ အဲဒီကာလက ပဋိပက္ခကာလဖြစ်တော့ ဘင်္ဂါလီ Camp တွေ၊ ဘင်္ဂါလီကျေးရွာတွေက လူတွေ စစ်တွေဆေးရုံကြီးတက်ဖို့လိုအပ်ရင် ပြည်နယ်အစိုးရကပဲ ကြက်ခြေနီနဲ့ပေါင်းပြီးတော့ လူနာတွေကို စစ်တွေဆေးရုံကို ပို့ပြီးကုသပေးပါတယ်။


ဦးလှသိန်း


ဦးကျော်သိန်းမောင်

ပညာရေးပိုင်းမှာဆိုရင် အဲဒီနားမှာ ရွာတွေလည်း အများကြီးရှိပါတယ်။ Camp တွေလည်းရှိတော့ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်းကျောင်း ၂၂ ကျောင်းလောက် ရှိပါတယ်။ အမြင့်ဆုံးအနေနဲ့ကတော့ သက္ကယ်ပြင်အထက်တန်းကျောင်း ဖြစ်ပါတယ်။ မူလတန်းအောင်ရင် အဲဒီမှာ မူလတန်းလွန်ကျောင်းတွေ ရှိပါတယ်၊ အလယ်တန်းကျောင်းရှိပါတယ်၊ အဲဒီကနေတစ်ဆင့် သက္ကယ်ပြင်ကျောင်းပါ။ အရင်နှစ်ကတော့ အဲဒီသက္ကယ်ပြင်ကျောင်းက ဂုဏ်ထူးသုံးဘာသာ ထွက်တာရှိပါတယ်။ အဲဒီသက္ကယ်ပြင်ကျောင်းက အောင်ပြီးတော့ စစ်တွေတက္ကသိုလ်မှာ ကျောင်းတက်နေတဲ့ ဘင်္ဂါလီတွေရှိပါတယ်။ အဲဒါကြောင့် ပညာရေးအားဖြင့် မဆိုးပါဘူး။ စားနပ်ရိက္ခာအပိုင်းကတော့ NGO ရယ်၊ အထူးသဖြင့် WFP က အခြေခံပြီးတော့ ပေးပါတယ်။ ပြည်နယ်အစိုးရကလည်း ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ နောက် UNHCR ကလည်း ပံ့ပိုးပေးကြပါတယ်။ အဓိကအားဖြင့်တော့ သောက်သုံးရေကို သန့်ရှင်းတဲ့ ရေရဖို့နဲ့ နောက်တစ်ခါနေထိုင်ရေးပါ။ အဆောက်အအုံတွေ ကောင်းဖို့အတွက် လုပ်ပါတယ်။ ကြားကာလတွေမှာ မီးပွဲဆမှုတွေကြောင့် မီးလောင်ခဲ့တာတွေလည်း ရှိပါတယ်။ ပြန်ဆောက်ရပါတယ်။

လတ်တလောအနေနဲ့ ဟိုတလောတုန်းက ကျွန်တော်တို့သွားတဲ့ ဆေးသမားကြီးရွာမှာ တစ်တွဲကို ၁၈ အိမ်ပါတဲ့ အဆောင် ၁၀ ဆောင် မိသားစု ၁၈၀ အဆောင်တွေ မီးလောင်လို့ ကျွန်တော်တို့ ယာယီနေရာချထားပေးပါတယ်။ အခုတော့ အသစ်ပြန်ဆောက်နေတယ်။ ဒီလကုန်ရင်တော့ ကျွန်တော်တို့ အကုန်လုံးပြန်ပြီး နေရာချထားပြီးဖြစ်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် ဒီဆေးကုသတဲ့ အပိုင်း၊ အခုကာလမှာ ဂိတ်တွေ ဘာတွေနဲ့တားတယ်ဆိုတာ မရှိတော့ဘူး။ စစ်တွေဆေးရုံမှာ လက်တွေ့အားဖြင့် အများကြီးပါပဲ။ တစ်လောကပဲ ကျွန်တော်တို့ စစ်တွေဆေးရုံကို ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးရောက်လာပြီး လူနာတွေကို ထောက်ပံ့ခဲ့တာတွေတောင် ရှိပါတယ်။ ဘင်္ဂါလီတွေ ဆေးရုံမှာ အများကြီးတွေ့ရမှာဖြစ်ပါတယ်။ အင်ပါလာဆိုတာက မြန်မာနာမည် အောင်မင်္ဂလာပါ။ ၂၀၁၂ ခုနှစ်မှာ ပဋိပက္ခတွေရှိတယ်။ ၂၀၁၃၊ ၂၀၁၄ တွေမှာ ပဋိပက္ခတွေအပေါ်မူတည်ပြီးတော့ ဒီရွာကို တပ်မတော်နဲ့ ရဲနဲ့ ဂိတ်တွေတားပြီးတော့ အဝင်အထွက်တွေကို စိစစ်ပေးခဲ့ပါတယ်။ အဓိကတော့ ရခိုင်ရပ်ကွက်တွေကြားထဲမှာ ဘင်္ဂါလီရပ်ကွက်တစ်ခုတည်းရှိတဲ့အတွက် သူတို့ကို ကာကွယ်ပေးခဲ့တာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်ကတည်းက ဂိတ်တွေ ဖျက်လိုက်ပြီလို့ သိရပါတယ်။ အဲဒီတုန်းက ဝန်ကြီးချုပ်က ဦးမောင်မောင်အုန်းပါ။ ဦးမောင်မောင်အုန်းက ဝန်ကြီးချုပ်လုပ်တဲ့အခါကာလတုန်းက အမေရိကန်သူဌေး ဂျော့ဆိုးရော့တို့ ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့လည်း ရှိပါတယ်။ အဲဒီကာလတွေတုန်းကတော့ ဂိတ်တွေနဲ့ တားထားခဲ့တာ ရှိပါတယ်။ အဲဒီနောက်ပိုင်း ၂၀၁၄ နောက်ပိုင်းမှာတော့ မရှိတော့ပါဘူး။ အခု အဲဒီရွာမှာကတော့ ရခိုင်တွေလည်း ဝင်ထွက်သွားလာတယ်။ ဘင်္ဂါလီတွေလည်း လွတ်လွတ်ကျွတ်ကျွတ်သွားလာနိုင်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ခြုံပြီးပြောရရင်တော့ ကျွန်တော်တို့ ဒီမှာ ဘင်္ဂါလီနဲ့ ရခိုင်ဆိုတာကတော့ သမိုင်းစဉ်တစ်လျှောက်အတူနေခဲ့တယ်။ အတူယှဉ်တွဲနေထိုင်ခဲ့တဲ့ ကာလတွေမှာလည်း လူမှုရေးပြဿနာတွေဆိုတာ ရှိခဲ့ပါတယ်။ ဖြစ်တုန်းကတော့ ပြဿနာရှိတာပေါ့။ သို့သော်လည်း တစ်ချိန်ကျရင်တော့ ပြေပျောက်သွားကြတာပါပဲ။ အခုတော့နှစ်ဖက်အဖွဲ့အစည်းတွေအေးအေးဆေးဆေးရှိပါတယ်။ ဘင်္ဂါလီတွေရဲ့ နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့ လူမှုစီးပွားဘဝတွေလည်း ကောင်းပါတယ်။ သူတို့ သဲချောင်းတို့၊ တပိုင်တို့ဘက်မှာလည်း ဆိုင်အကြီးကြီးတွေဖွင့်ပြီးတော့ စီးပွားရှာနေကြတာလည်း တွေ့ရမှာဖြစ်ပါတယ်။

**ဦးကျော်သိန်းမောင် (ခေါ်) ဦးမာမောက်အာမီ**
**ခေါင်းဒုက္ခာ IDP စခန်း၊ စစ်တွေမြို့နယ်**

ဒီစခန်းက ၂၀၁၂ ခုနှစ်မှာ တည်ဆောက်ခဲ့တာပါ။ ၂၀၁၂ ခုနှစ်မှာ အစိုးရအဖွဲ့နဲ့ NGO နဲ့ ပေါင်းပြီးတော့ ကျွန်တော်တို့ကို ဆောက်ပေးတယ်။ ၂၀၂၅ ခုနှစ် ၃ လပိုင်း ၁ ရက်နေ့မှာ ပြန်ပြီးတော့ မီးလောင်သွားတယ်။ မီးလောင်သွားတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကျွန်တော်တို့ကို တော်တော်လေး ကူညီခဲ့ပါတယ်။ ငွေရော ရိက္ခာပါပေးပါတယ်။ ထမင်းလည်း ချက်ကျွေးပါတယ်။

ကျွန်တော်က စခန်းတာဝန်ခံပါ။ ကော်မတီအဖွဲ့ ၁၅ ယောက်ထဲမှာ ကျွန်တော်အကြီးဆုံးပါ။ ရခိုင်ပြည်နယ်အစိုးရဘက်က တော်တော်လေး ကူညီခဲ့ပါတယ်။ ကျွန်တော်တို့ မီးလောင်ပြီးနောက် နံနက်ပိုင်းမှာ သူတို့မီးသတ်ကားနဲ့ လာငြိမ်းသတ်ပေးပါတယ်။ ညနေ ၄ နာရီအထိ သူတို့လာပြီးတော့ မီးငြိမ်းပေးတယ်၊ ရေပေးတယ်၊ ထမင်းလည်း ချက်ကျွေးတယ်။

ကျွန်တော်တို့ကို ထမင်းနှစ်ရက်၊ သုံးရက်ချက်ကျွေးပြီးတော့ အိမ်တိုင်းအိမ်တိုင်း ချက်စားလို့ရအောင် ဆန်ရော၊ ငွေပါ တော်တော်လေးကူညီပေးပါတယ်။ စခန်းမှာ အဆောင်ငါးဆယ်ရှိ၊ အခန်းလေးရာရှိပါတယ်။ ကျွန်တော့်မှာ ကလေး ၇ ယောက်ရှိ ပါတယ်။ သုံးယောက်က မိန်းမရသွားပြီ၊ သမီးတစ်ယောက်၊ ယောကျ်ားလေးနှစ်ယောက် အိမ်ထောင်ကျသွားပြီ။ နောက်လေးယောက်ကတော့ အိမ်ထောင်မကျသေးဘူး။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရကို ဂုဏ်ယူပါတယ်။ ပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်ပြီးတော့ ကျွန်တော်တို့ကို ကူညီစောင့်ရှောက်ပေးပါတယ်။ ကျွန်တော်တို့ မီးလောင်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပြန်လည်ဆောက်ပေးတဲ့အချိန်မှာ သိန်းပေါင်းနှစ်သောင်းကျော် ကုန်ကျတယ်လို့ ကြားပါတယ်။ မီးလောင်ပြီးတော့ ကျွန်တော်တို့ကို ရွက်ဖျင်တဲတွေနဲ့ နေရာချပေးတယ်။ အစိုးရအဖွဲ့က စီစဉ်ပြီး သူတို့ ဘတ်ဂျက်ငွေနဲ့ ကျွန်တော်တို့ကို ပြန်ဆောက်ပေးပါတယ်။ ပြန်ဆောက်ပေးပြီးတော့ ကျွန်တော်တို့က အခု ဒီအဆောင်သစ်မှာ နေလို့ရပါပြီ။ အားလုံးကို ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရက ကူညီပေးတာပါ။ NGO လည်း ပူးပေါင်းပါဝင်ပါတယ်။ **သတင်းအဖွဲ့**


## သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံဇေ၀ံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**
**သဘောထားထုတ်ပြန်ကြေညာချက်**

စာအမှတ်၊ ၁၇၁/၂၀၂၆၊ အစရ-သသန(ကညခ)၊
ရက်စွဲ။ ၂၀၂၆-ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်။

၂၀၂၆-ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့မှ ဇန်နဝါရီလ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား မမှန်မကန်စွပ်စွဲထားရှိသည့် အချက်အလက်များအား နိုင်ငံတော်ကိုယ်စား ဥပဒေနှင့်အညီ သွားရောက်ရင်ဆိုင်ဖြေရှင်းဆောင်ရွက်နေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား မြန်မာနိုင်ငံ ဇေ၀ံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် (MECA) အနေဖြင့် အပြည့်အဝယုံကြည်ထောက်ခံပြီး အမိမြန်မာနိုင်ငံတော်ကြီးနှင့်အတူ နိုင်ငံတော်၏မူဝါဒများအတိုင်း တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**သီရိပျံချီ Rev. Dr. ဦးအေးမင်း** **Rev. Dr. ဦးမောရစ်လျန်မှာ**
**(ဥက္ကဋ္ဌ)** **(အထွေထွေအတွင်းရေးမှူး)**



## သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာ - ထိုင်းချစ်ကြည်ရေးအသင်း၏ သဘောထားထုတ်ပြန်ချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို မြန်မာနိုင်ငံကိုယ်စားပြုပြီး မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် တရားမျှတမှုရရှိရေးနှင့် အမှန်တရားအတွက် ဥပဒေနှင့်အညီ အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးနှင့် ဥပဒေအရ မှန်ကန်တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးတို့သည် လွန်စွာအရေးကြီးလှပေသည်။

မြန်မာထိုင်းချစ်ကြည်ရေးအသင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် တရားဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) သို့ သွားရောက်ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သွေးတစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာထိုင်းချစ်ကြည်ရေးအသင်း**

*❖ ကျောဖုံးမှ*

နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့မှ သံတမန်များ၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)မှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်လေ့လာသတင်းရယူကြသည်။

ထိုသို့ သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်း ထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက မြန်မာနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါး စတင်ရောက်ရှိခဲ့သည့် နောက်ခံသမိုင်းကြောင်းဆိုင်ရာများ၊ အစိုးရနှင့် တပ်မတော်၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် လက်ရှိအခြေအနေတွင် ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ **(ပြောကြားမှု အပြည့်အစုံအား သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့အနီး ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်




ဒုတိယဝန်ကြီး
ဗိုလ်ချုပ်ဇော်မင်းထွန်း

ဆေးဝါး ချက်လုပ်သည့်နေရာများ၏ ပတ်ဝန်းကျင်နေရာများမှ ထပ်မံဖော်ထုတ်ရရှိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများမှ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိမှု အခြေအနေများနှင့် ပတ်ဝန်းကျင်နေရာများအား ဆက်လက်ရှင်းလင်း ဖော်ထုတ်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ **(ပြောကြားမှုအပြည့်အစုံအား သီးခြားဖော်ပြထားပါသည်။)**

အခမ်းအနား အပြီးတွင် တက်ရောက် လာကြသူများက မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဖမ်းဆီးရမိပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား မီးရှို့/ မြေမြှုပ်/ ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်နှင့် တာဝန်ရှိသူများသည် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပမှ မီဒီယာအဖွဲ့များနှင့်အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၃၃ ကီလိုမီတာအကွာရှိ မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာနှစ်နေရာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ




သိမ်းဆည်းရမိမှုအခြေအနေများ၊ ထပ်မံဖော်ထုတ်ရမိသည့် နေရာ (၅/၆/၇/၈/၁၀/၁၂/၁၃/၁၄) တို့၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင်က ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါး စစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသည့် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသော ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ ခင်းကျင်း ပြသထားရှိမှုအား လိုက်လံကြည့်ရှု လေ့လာကြပြီး မူးယစ်ဆေးဝါး ချက်လုပ်ရာ၌ အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများ၊ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို နေရာတစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်း ပြသခဲ့ကာ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် တာဝန်ရှိသူများနှင့် ဖော်ထုတ်သိမ်းပိုက်ရာတွင် ပါဝင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ




သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တာဝန်ရှိသူများ၊ သံတမန်များ၊ သတင်းမီဒီယာအဖွဲ့များသည် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၉ ကီလိုမီတာခန့်အကွာရှိ မူးယစ်ဆေးဝါး ထုတ်လုပ်သည့်နေရာသို့ ရောက်ရှိကြပြီး မူးယစ်ဆေးဝါးချက်လုပ်ရာ၌အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများ၊ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများက နေရာတစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသခဲ့ကာ သိရှိလိုသည့်မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တာဝန်ရှိသူများ၊ သံတမန်များ၊ သတင်းမီဒီယာအဖွဲ့များသည် ယခင်ဖော်ထုတ်ရရှိခဲ့သည့် မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာသုံးခုတို့မှ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား မီးရှို့/ မြေမြှုပ်/ ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ထားရှိမှုအားရဟတ်ယာဉ်များဖြင့် ကြည့်ရှုလေ့လာခဲ့ကြသည်။

ယနေ့တွင် မြေပြင်ကွင်းဆင်းသွားရောက်လေ့လာခဲ့ရာ၌ တာဝန်ရှိသူများ၏ ပြောကြားမှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်သည့်နေရာများအား ဖော်ထုတ်သိမ်းပိုက်ခဲ့ရာတွင် ပါဝင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားမှုများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

(၁)

ကျွန်တော်လည်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်လာရင် သမိုင်းကြောင်းနဲ့ယှဉ်ပြီး ပြောခဲ့ပါတယ်။ မူးယစ်ဆေးဝါးက မြန်မာနိုင်ငံမှာ အမြစ်တွယ်ခဲ့တယ်။ အမြစ်တွယ်ခဲ့ရတဲ့ အကြောင်းအရင်းကတော့ ဝေးသောအကြောင်းအရင်းပေါ့။ ကိုလိုနီခေတ်ကတည်းက အမြစ်တွယ်ခဲ့တယ်။ ကျွန်တော် ရှင်းပြပြီးသွားပြီ။ မြန်မာနိုင်ငံမှာ ဘိန်းဆိုတာ မရှိဘူး။ ကိုလိုနီခေတ်မှာ ဘိန်းခန်း




တွေ စထောင်တယ်။ ဒါကျွန်တော်တို့နိုင်ငံ တစ်နိုင်ငံတည်းတင် မဟုတ်ဘူး။ ကျွန်တော်လေ့လာခဲ့မိသမျှတော့ တရုတ်မှာဆိုလည်း တော်တော်ကြီးကြီး ကျယ်ကျယ်ပဲ။ ဘိန်းစစ်ပွဲတွေဖြစ်ခဲ့တယ်။ သူကဒီဘိန်းကို လက်နက်တစ်ခုသဖွယ် အသုံးချပြီးတော့မှ ဒီအမြစ်တွယ်မှုက ဘယ်မှာပိုပြီး ကျွန်တော်တို့နိုင်ငံအတွက် ပိုဆိုးသွားလဲဆိုတော့ EAO တွေပေါ်လာတဲ့အချိန်မှာ ပိုဆိုးသွားတယ်။ ဒီလုပ်ငန်းက ငွေရလွယ်တဲ့ လုပ်ငန်းကိုး။ ခင်ဗျားတို့၊ ကျွန်တော်တို့ ရောက်ပြီးသားဗျာ။ ငွေဘယ်လောက်ရလွယ်သလဲ ခင်ဗျားစဉ်းစားကြည့်။ ဒါပေမယ့် ခုချိန်လုပ်တဲ့အချိန်မှာ ငွေအရင်းအနှီးမြှုပ်နှံမှုက တော်တော်တော့ကြီးလိမ့်မယ်ထင်တယ်။ ခင်ဗျားတို့၊ ကျွန်တော်တို့တွေ့ခဲ့တဲ့ စက်ကိရိယာတွေ သူတို့လုပ်တဲ့ နည်းစဉ်တွေ၊ သွင်းနေတဲ့ဓာတုဗေဒပစ္စည်းတွေ ပိုပြီးသိပါလိမ့်မယ်။ သို့သော် အကျိုးအမြတ်က ကြီးတယ်။ အကျိုးအမြတ်က ကြီးတဲ့အတွက်ကြောင့် ဒီဟာကို ထုတ်လုပ်ပြီးတော့ လုပ်နိုင်တဲ့ဟာကိုလုပ်တာ။ အဲဒီအတွက် ဘာလိုလဲဆိုတော့ ဒီလူတွေကို ဒီမူးယစ်ဆေးဝါးလုပ်ငန်းတွေကို ကာကွယ်နိုင်ဖို့အတွက် သေချာတယ်၊ လက်နက်ကိုင်အဖွဲ့အစည်းလိုတယ်။ အဲဒီလက်နက်ကိုင် အဖွဲ့အစည်းကို တပ်ဆင်ဖို့အတွက် လက်နက်တွေလိုတယ်။ ဒါ့အပြင်သူတို့ကို ဘေးကနေ ကာကွယ်ပေးဖို့အတွက် လူတွေလိုတယ်။ အဲဒီအတွက်ကို လုပ်ဆောင်ကြခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ပြောပြီးသားပဲ။ ဒီနယ်မြေဒေသကထွက်တဲ့ မူးယစ်ဆေးဝါးက ခုနကပြောသလိုပေ့ါ။ လမ်းကြောင်း တစ်ခုတည်းတော့ မဖြစ်နိုင်ဘူး။ သေချာတာတစ်ခုကတော့ ပင်လယ်ပြင်ဘက်ကလည်း ထွက်တယ်။ နယ်စပ်ဒေသတွေမှာလည်း အကုန်လုံးထွက်တယ်။ ထွက်တယ်ဆိုတာ ဒီမူးယစ်ဆေးဝါးကိုပဲ မူတည်ပြီးတော့ ငွေရတယ်။ အဲဒီငွေကနေ လက်နက်ဝယ်တယ်။ လက်နက်ကိုင်တပ်ဖွဲ့ထောင်တယ်။ လက်နက်ကိုင်တပ်ဖွဲ့ကို ပံ့ပိုးတယ်။ ပြီးရင် လက်နက်ကိုင် တပ်ဖွဲ့ကနေ အာဏာ တည်ဆောက်တယ်။ အာဏာတည်ဆောက်ပြီးမှ မူးယစ်ဆေးဝါးကို ဆက်လုပ်တယ်။ ဒီသံသရာကြီး လည်နေတာဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့




ဘာလိုလဲ။ နှစ်ခုပေ့ါ။ နံပါတ်တစ်အချက်က အာဏာလိုတယ်။

နံပါတ်နှစ်က ပြည်တွင်းအား။ ပြည်တွင်းအားဆိုတာသည် ခင်ဗျားတို့၊ ကျွန်တော်တို့သွားခဲ့တဲ့နေရာတွေမှာ ခင်ဗျားတို့တွေ့မှာပဲ။ ခင်ဗျားတို့၊ ကျွန်တော်တို့ သွားခဲ့တဲ့နေရာတွေမှာ ရွာကလေးတွေရှိတယ်။ သေချာတာတစ်ခုက အဲဒီမှာရှိတဲ့ ရွာသူ၊ ရွာသားတွေသည်လည်း မူးယစ်ဆေးဝါး ချက်လုပ်တဲ့ လုပ်ငန်းတွေမှာတော့ ပါလိမ့်မယ်။ ပါလိမ့်မယ်ဆိုတာ သူတို့က မူးယစ်ဆေးဝါးလို့ သိချင်မှသိမယ်။ မသိဖို့ ပိုများတယ်။ ကျွန်တော် ပြောနိုင်တာကတော့ ရာနှုန်းပြည့်နီးပါး သူတို့မသိဘူး။ ဘာလုပ်နေမှန်းကို သူတို့သိမှာ မဟုတ်ဘူး။ မသိဘဲနဲ့ သူတို့အနေနဲ့ ပံ့ပိုးပေးတာတွေ ရှိကောင်းရှိမယ်။ စားစရာသောက်စရာတွေ လာရောင်းတာတွေ ရှိကောင်းရှိမယ်။ ဒါမျိုးတွေ ရှိကောင်းရှိလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့က မသင်္ကာဖွယ်ရာတွေ့ရင် ဒီနေ့ကျွန်တော်ပြောတဲ့ စကားထဲမှာ ပြည်သူလူထုတွေရော၊ ဒေသခံမီဒီယာတွေရော၊ ဒေသခံပြည်သူတွေရဲ့ ပံ့ပိုးအား၊ ပြည်တွင်းအားလိုတယ်။

နံပါတ်နှစ် ပြည်ပအားလည်း လိုပါတယ်။ ဘာကြောင့် ပြည်ပအားလည်းလိုလဲဆိုတော့ ဒီမူးယစ်ဆေးဝါးတွေဟာ ကမ္ဘာရဲ့အန္တရာယ်တွေဖြစ်တယ်။ ကမ္ဘာတစ်ဝန်းလုံးကို တချို့နေရာတွေမှာ၊ AA ဆိုရင် မူးယစ်ဆေးဝါးကို အဆင့်ဆင့်ကနေ ဆွဲထုတ်တယ်။ ပင်လယ်ရေကြောင်းကနေသူတို့ တာဝန်ခံပြီးပို့တယ်။ ပင်လယ်ပြင်မှာ မိလိုက်တဲ့ လုပ်ငန်းတွေမှန်သမျှမှာ AA ပါဝင်ပတ်သက်တာချည်းပဲ။ AA ပါဝင်ပတ်သက်တယ်ဆိုတာမှာ သွယ်ဝိုက်ပြီးပါဝင်တာမဟုတ်ဘူး။ တိုက်ရိုက်ကိုပါဝင်ပတ်သက်တာ။ AA ကနေ ဗိုလ်မှူးကြီး အဆင့်ရှိတဲ့ဘယ်သူ့ကိုဦးဆောင်ပြီး လုပ်ခိုင်းတယ်တို့၊ တပ်သားအဆင့် ရှိတဲ့ဘယ်သူတို့ မျိုးစုံပါဝင်ပတ်သက်နေတာ ဖြစ်တယ်။ ဒါ့အပြင် ထိုင်းနိုင်ငံမှာလည်း မူးယစ်ဆေးဝါး တွေမိတယ်။ ထိုင်းကလည်း ကျွန်တော်တို့ကို ပြောတယ်။ မြန်မာနိုင်ငံထဲကထွက်လာတဲ့ဟာလို့ပြောတယ်။ လာအိုကလည်း ဒီလိုပဲပြောတယ်။ သူကဆီလိုအပေါက်ရှာပြီးထွက်နေတာဖြစ်တယ်။ အဲဒါကြောင့် နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုအားလည်း လိုပါတယ်။ ***စာမျက်နှာ ၁၁ သို့***



စာမျက်နှာ ၁၀ မှ

အခု အားလုံးလည်း တွေ့ခဲ့ပြီးပြီ၊ ဒီနေ့မှာ အားလုံးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ မူးယစ်တပ်ဖွဲ့မှူး ကိုယ်တိုင်ရှင်းပြပြီးပြီ၊ မြန်မာနိုင်ငံ ဓာတုဗေဒ ပညာရှင်တွေလည်း ရှင်းပြပြီးပြီ၊ မူးယစ်ဆေးဝါးက ဘယ်လိုထုတ်တယ်၊ ဘယ်လိုချက်တယ်ဆိုတာ။ ဒီပစ္စည်းတွေက မြန်မာနိုင်ငံမှာမရနိုင်ဘူး။ သို့သော် ဘယ်လိုလုပ် ရောက်လာလဲ။ ဘယ်လိုလုပ်ရောက်လာလဲဆိုရင် နောက်ကွယ်ကနေ တော်တော်ကို အင်အားတောင့်တင်းတဲ့၊ အကာအကွယ်ပေးနိုင်တဲ့၊ လက်နက်မရှိဘဲနဲ့ ရောက်လာစရာအကြောင်းမရှိဘူး။ ဒီဟာတွေသည် ဒီကနေပြီးရောက်လာတာဖြစ်တယ်။ အဲဒီတော့ပြန်ပြီးစဉ်းစားကြည့်၊ ဒီလူတွေက ချက်လုပ်တဲ့ လူတွေဆီကနေပြီး ဘာယူမလဲ။ ငွေယူမယ်လို့ ပြောရအောင် ဒီလူတွေမှာ တောထဲတောင်ထဲမှာရှိနေတဲ့ လာချက်နေတဲ့သူတွေက ငွေဘယ်လိုလွှဲမလဲ။ ရှင်းရှင်းလေးရယ်။ ကုန်ကြမ်းပေးပြီးတော့ ကုန်ချောယူမှာ ဒီကောင်တွေ၊ ဒါပဲ။ ဒီလုပ်ငန်းပဲ။ အဲဒီတော့ ကုန်ချောတွေဘယ်လိုထွက်သွားတယ်ဆိုတာ အပိုင်းလိုက်ခွဲထားတာပဲ ဖြစ်ရမယ်။ ဒီချက်လုပ်တဲ့လူတွေနဲ့ လုပ်အားခံစားခွင့်ရှိသူတွေက တစ်မျိုး၊ ကုန်ချောယူသွားတဲ့ လူတွေရဲ့ ပို့ဆောင်ပေးပုံကတစ်မျိုး၊ ပြီးရင် အဆက်အသွယ်တွေနဲ့ လုပ်တဲ့ပုံက တစ်မျိုး၊ အဆင့်ဆင့်အလွှာလွှာရှိနေတဲ့ဟာမျိုးဖြစ်တယ်လို့ပဲ ကျွန်တော်တော့ မြင်ပါတယ်။

အဓိကပြောရရင် ကျွန်တော်တို့ကလည်း ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကာကွယ်အောင် ပြောမှာပေါ့။ ဒီနယ်မြေဟာ တပ်မတော်ကစိုးမိုးတဲ့နယ်မြေမို့ ဒါကြောင့် လာဆောက်တယ်၊ ဒါကြောင့်လာလုပ်တယ် ပြောမှာပေါ့။ ခင်ဗျားဘယ်လိုပဲပြောပြော၊ တပ်မတော်ပဲပြောပြော၊ EAOs ပဲပြောပြော။ ပလောင်ပဲပြောပြော၊ ရှမ်းပဲပြောပြော၊ ကချင်ပဲပြောပြော၊ ပအို့ဝ်ပဲပြောပြော၊ ကိုးကန့်ပဲ ပြောပြော၊ ခင်ဗျားကို ဘယ်ကောင်မှ ဘယ်သူမှ နိုင်ငံတကာသွားလို့ ဒီကောင်က ကိုးကန့်ပါ၊ ဒီကောင်က ပလောင်ပါ။ ဒီကောင်က ကချင်ပါ၊ ဒီကောင်က မွန်ပါ၊ ဒီကောင်က ကရင်ပါလို့မပြောဘူး။ ခင်ဗျားကို မြန်မာလို့ပဲပြောမှာ။ မြန်မာလို့ပဲ ပြောရင် မြန်မာလို့ပဲ သိမှာ။ အဲဒီတော့ ကျွန်တော်ပြောချင်တာက မြန်မာစကားပုံ တစ်ခုရှိတယ်။ မြေနိမ့်ရာလှံစိုက်ဆိုတာရှိတယ်။ မြေနိမ့်ရင် လှံစိုက်ခံရမှာပဲ။ လှံအစိုက်မခံချင်ရင် မြေမနိမ့်စေနဲ့၊ မြေနိမ့်နေလို့ လှံစိုက်ခံရတာ။

တစ်ခါတလေ ကျွန်တော်ပြောတယ်။ မြေနိမ့်တဲ့သူရဲ့အပြစ်လား၊ လှံစိုက်တဲ့ သူရဲ့အပြစ်လား။ ကျွန်တော်တို့ နည်းနည်းတော့ စဉ်းစားဖို့လိုတယ်လို့ ထင်တယ်။ လှံစိုက်တဲ့သူတွေချည်းပဲ အပြစ်မတင်နဲ့၊ မြေနိမ့်နေတာ ဘယ်သူတွေလဲ။ ကျွန်တော်တို့ နိမ့်နေတာ၊ ဘာကြောင့် နိမ့်နေတာလဲ။ ကျွန်တော်တို့ မစည်းရုံးလို့ နိမ့်နေတာ။ ဘာလို့မစည်းရုံးလဲ လောဘဇောတွေတိုက်နေလို့ မစည်းရုံးနေတာ။ မစည်းရုံးနေသမျှကတော့ မြေနိမ့်နေဦးမှာပဲ။ မြေနိမ့်နေသမျှကတော့ သေချာတယ်။ နိုင်ငံတကာက လှံစိုက်မှာ။ ဒါက ကျွန်တော်တို့နိုင်ငံ တစ်နိုင်ငံတည်းမှ မဟုတ်ဘူး။ နိုင်ငံတကာမှာ နိမ့်ကျနေတဲ့ နိုင်ငံမှန်သမျှ သနားလို့ လှူတာရှိကောင်းရှိမယ်။ လူသားချင်းစာနာထောက်ထားလို့ ပေးချင်တာ ပေးတာရှိမယ်။ သို့သော်လည်း နိုင်ငံတကာမှာ လှံစိုက်ဖို့ကတော့ အသင့်ပဲ။ လူ့လောကကြီးမှာလည်း အဲ့လိုပဲ။ ကျွန်တော် ဒီနေရာမှာ ဘာကို ပြောချင်လဲဆိုတော့ ခင်ဗျားတို့ မီဒီယာတွေလည်း အင်တာဗျူးတွေ လုပ်ခဲ့ပြီးပါပြီ။ မူးယစ်ဆေးဝါးကို ဘက်ပေါင်းစုံကနေ တိုက်ဖျက်ရမယ်။ ဘက်ပေါင်းစုံဆိုတာ တပ်တို့၊ ရဲတို့ ဒါတွေချည်းပဲ မဟုတ်ဘူး။ ရှုထောင့်ပေါင်းစုံကလို့ ပြောခြင်းဖြစ်တယ်။

ကျွန်တော်တို့ လူငယ်တွေ အခုအချိန်တွေမှာ ပြောကြတယ်။ လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါးက ဘယ်လောက်အန္တရာယ်များလဲဆိုတာ ကျွန်တော်တို့ ပြောရမယ်။ ပြောတဲ့နေရာမှာ ဒီအတိုင်း ပါးစပ်လေးနဲ့ ပြောလို့မရဘူး။ ဒီနေ့ ဓာတုဗေဒဝန်ရှီးက ပြောလိုက်တယ်။ မူးယစ်ဆေးဝါးဆိုတာ ဘယ်လောက်အန္တရာယ်များတဲ့ ဓာတုဗေဒပစ္စည်းတွေကနေ ပေါင်းစပ်ထားတာ။ မူးယစ်ဆေးဝါးပေါင်းစပ်တဲ့ ဓာတုဗေဒပစ္စည်းတွေ၊ အက်စစ်တွေဆိုတာ လက်နဲ့တောင်ကိုင်လို့ ရတာမဟုတ်ဘူး။ အဲဒါတွေနဲ့ ပေါင်းစပ်ထားတာ။ နောက်ပြီးမှ အချိုပေါ် သကာလောင်းပြီး လုပ်ထားတာ ဖြစ်တဲ့အတွက် မွေးကြိုင်နေတယ်လို့ ထင်ရတာ။ ဒီဟာတွေသည် အဆိပ်ကိုမျိုနေတယ်ဆိုတာ လူငယ်တွေ သိအောင်လုပ်ရမှာ။ နံပါတ်တစ် လူငယ်တွေသိရင် မသုံးတော့ဘူး။ မသုံးတော့ရင် မဝယ်တော့ဘူး။ ဘယ်မှာ ရောင်းမလဲ။ Dimension တစ်ခု။ နောက် Dimension တစ်ခုက ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အွန်လိုင်းလောင်းကစားလိုမျိုး မသိချင်ယောင်မဆောင်နဲ့ မမြင်ချင်ယောင်မဆောင်နဲ့။ မသိချင်ယောင် မဆောင်အောင် မမြင်ချင်ယောင်မဆောင်အောင် ကျွန်တော်တို့ ဘာလုပ်ရမလဲ။ တာဝန်ရှိသူတွေ မှာပဲဖြစ်ဖြစ် တာဝန်မရှိသူတွေ မှာပဲဖြစ်ဖြစ် ခင်ဗျားတို့ ကျွန်တော်တို့မှာ သားသမီးတွေရှိတယ်။ မီဒီယာတွေမှာလည်း သားသမီးတွေရှိတယ်။ မိဘတွေကိုသိအောင် ပြောရမယ်။ မသိချင်ယောင်မဆောင်နဲ့၊ မမြင်ချင်ယောင်မဆောင်နဲ့။ ခင်ဗျားတို့သားသမီးတွေပါ ပါသွားမယ်ဆိုတာ ကျွန်တော်တို့ သိအောင်ပြောရမယ်။ ဒါက Dimension တစ်ခု။

နောက် Dimension တစ်ခုက မဟုတ်တာလုပ်နေတဲ့ EAO တွေနဲ့ ပတ်သက်ပြီး ဒီကိစ္စတွေကို ငါတို့သည်းခံမှာမဟုတ်ဘူး။ ငါတို့ အစိုးရတင်မဟုတ်ဘူး။ ငါတို့ ပြည်သူလူထု၊ ငါတို့မိဘတွေ၊ ငါတို့ သားသမီးတွေက သည်းခံမှာ မဟုတ်ဘူးဆိုတာ သိအောင်လုပ်ရမယ်။ ဒါက Dimension တစ်ခု။ နောက် Dimension တစ်ခုက အစိုးရ။ အစိုးရနဲ့ပတ်သက်လာလျှင် အစိုးရတစ်ရပ်မှာလည်း











သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သံတမန်များ ပြည်တွင်းပြည်ပမှ မီဒီယာအဖွဲ့များက ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူလည်းရှိတယ်။ ကောင်းတဲ့လူပဲဖြစ်ဖြစ် မကောင်းတဲ့လူပဲဖြစ်ဖြစ် ငါတို့သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းမှာ ပါကိုပါမယ်။ တက်တက်ကြွကြွပါမယ်။ ခင်ဗျားတို့ မဟုတ်တာလုပ်ရင်လည်း ခင်ဗျားတို့ကို ထောက်ပြမယ်။ ဒီ Dimension ပေါင်းစုံကနေပြီး ကျွန်တော်တို့ တိုက်ဖျက်မှ ရမယ်လို့ထင်ပါတယ်။

(၂)

P2P မှာ ချက်လို့ရတဲ့ နည်းလမ်း ၄ မျိုးရှိတယ်။ ခုနက ကျွန်တော်ပြခဲ့တဲ့ဟာ အရှင်းဆုံးပဲ Hydrogen Gas ရယ်၊ Gas Cylinder ဘေးနားက ဘာလဲဆိုတော့ အစိမ်းလေးတွေက Hydrogen နဲ့ အသုံးပြုထားတာ။ Methylamine ဆိုတဲ့တစ်ခုရယ် Hydrogen Gas ရယ် P2P ရယ်။ အဲဒီသုံးခုပဲလိုတယ်။ အဲဒီသုံးခုကို Processing လုပ်လိုက်ရင် Compressing Steel Container နှစ်ခုတွဲကြီးက Hydrogen ဖြတ်လိုက်တာနဲ့ Methamphetamine ထွက်လာတယ်။ Liquid state မှာပဲ ရှိသေးတယ်။ ဒါက နည်းစဉ်တစ်ခု။ ကျွန်တော်တို့ ဖမ်းဆီးရမိခဲ့တဲ့ Chemecial တွေ သွားကြည့်လို့ရှိရင် နည်းစဉ်လေးမျိုးထဲမှာ ဘာတွေ့လဲဆိုတော့ နည်းစဉ်သုံးမျိုးကို ချက်လုပ်နေတာကို သွားတွေ့ရတယ်။ နောက်တစ်ခုက ဘာလဲဆိုရင် Pressurize metal reactor ဒါကလည်း Final State ဆိုတာ ထွက်လာတဲ့အချိန်မှာ Methamphetamine အက်စစ်ပါတဲ့ဟာကိုပဲ ထွက်ဦးမယ်။ ဒါကြောင့် ဒီမှာဘယ်လောက်ချက်နိုင်သလဲလို့ ပြောရင် နည်းလမ်းတစ်ခုအနေနဲ့ လွယ်လွယ်ပြောရရင် reactor က ထွက်လာနိုင်တဲ့ စွမ်းအား ဘယ်လောက်ရှိလဲဆိုရင် reactor ရဲ့ကွန်တိန်နာတွေကိုကြည့်လိုက်ခြင်းအားဖြင့် ဘယ်လောက်ထွက်မယ်ဆိုတာ သိနိုင်တယ်။ အဲဒီမှာမှ ဘာ State တွေ ထွက်လာလဲဆိုရင် Methamphetamine Acid State ပဲ ထွက်မှာဖြစ်တယ်။ အဲဒီရလာတဲ့ Acid State ကို ဘယ်ကိုပြောင်းမလဲဆိုတော့ Alkali State ကို ပြောင်းမယ်။ Acid ကို Dilute လုပ်ရမှာ။ သူ့ process တွေရှိတယ်။ ကျွန်တော်တို့က Production လုပ်နေတဲ့သူလည်း မဟုတ်ဘူး။ သူ့ရဲ့ သီအိုရီအရ၊ အဲဒါပြီးသွားရင် ဘာရမလဲဆိုတော့ အရည်ပဲရမှာပါ။ အဲဒီအရည်ကို ဘာလုပ်မှာလဲဆိုတော့ စစ်ထုတ်ရမှာပါ။ ပြီးရင် ဟိုက်ဒရိုကလိုရစ် HCl ဆိုတာ ရေမှာပျော်ဝင်နိုင်တဲ့အခြေအနေကို ရောက်မယ်။ အဲဒီအရည်ကနေပြီးတော့ အရည်ကြည်တွေထွက်လာပြီး Freezer တွေမှာထားမယ်။ Bucket တွေမှာထားမယ်။ ပြီးရင် Solid State ကို ပြန်ပြီးတော့ ပြောင်းမယ်။ Solid State ကို ပြန်ရောက်တဲ့ အချိန်မှာ ဘာရမလဲဆိုတော့ Solid ကြီးပဲ လုံးဝမရဘူး ဘာတွေရောနေလဲ Solid နဲ့ Liquid နဲ့ ရောနေမယ်။ တချို့နေရာမှာ Washing Machine တွေသုံးတယ်။ လျှော်ဖို့မဟုတ်ဘူး။ spin လုပ်ဖို့ လှည့်ဖို့အတွက်သုံးတယ်။ အောက်မှာရှိနေတဲ့ အဝတ်တွေလျှော်ပြီးရင် အခြောက်ခံသလိုပဲ အရည်တွေက အောက်ကျသွားတယ်။ အဖတ်တွေက ကျန်နေခဲ့တယ်။ အဲဒါက နည်းလမ်းတစ်ခု။

နောက်နည်းစဉ် တစ်ခုက Bucket တွေနဲ့ထား တယ်။ ခုနက ပြောခဲ့တဲ့ Steel Tray တွေရှိတယ်။ Steel Tray ဟောင်းတွေ ဘာဖြတ်သလဲဆိုရင် Boiler ဖြတ်တယ်။ အပူငွေ့ဖြတ်တယ်။ အပူငွေ့ဖြတ်ရင်းနဲ့ အပူငွေ့နဲ့အတူအေးသွားမယ်။ အေးသွားရင် ဘာဖြစ်သလဲဆိုရင် Liquid State ကနေ Solid State ကို ပြောင်းသွားတဲ့ နည်းစဉ်တစ်ခု။ ခုနတုန်းကပြောတဲ့ Small Bucket လေးတွေနဲ့ ထည့်ပြီးတော့မှ Freezer ထဲမှာ အအေးခံတယ်။ အအေးခံရင်လည်း လုံးဝ Solid ကြီး ပြောင်းသွားတာမဟုတ်ဘူး။ Solid နဲ့ Liquid ရောနေတဲ့ အခြေအနေတစ်ခုကို ရောက်သွားတယ်။ ပြီးရင် သူ့ရဲ့ထုတ်လုပ်နိုင်တဲ့ Quality ပိုပြီးတော့ ကောင်းနိုင်ဖို့ အတွက် နည်းစဉ်တစ်ခု။ ပြီးတော့မှ အရေးအကြီးဆုံး နည်းစဉ်တစ်ခုက Tartaric Acid ကို တွေ့တယ်။ Tartaric Acid ဆိုတာ ဘာလဲဆိုရင် Purification ကောင်းဖို့ Quaility ကောင်းဖို့ ထွက်လာတဲ့ အိုက်စ်က အရည်အသွေး မကောင်းဘူး။ Tartaric Acid နဲ့ လုပ်တော့မှ သန့်စင်မှုရာခိုင်နှုန်းက ၉၈ ရာခိုင်နှုန်း၊ ၉၉ ရာခိုင်နှုန်းလောက်အထိကို ရောက်သွားတယ်။ မဟုတ်ရင်တော့ ဈေးကွက်မှာ တွေ့နေတဲ့ဟာတွေက သာမန်ပဲ ဖြစ်တယ်။ ဒီ Equipment တွေကို ကြည့်တယ်။ သုံးနေတဲ့ Chemical တွေကို ကြည့်ပြီးတော့မှ သူတို့ရဲ့ ထုတ်လုပ်နိုင်တဲ့ ထုတ်လုပ်နိုင်စွမ်းရယ်၊ ဘယ်လိုနည်းစဉ်တွေနဲ့ ထုတ်လုပ်နေတယ်ဆိုတာကို ကျွန်တော်တို့တွေ့ရတာ ဖြစ်ပါတယ်။ ဒါဟာဆိုရင် ကျွန်တော်ပြောတဲ့ P2P Method ကိုပဲ အသုံးပြုတာဖြစ်ပါတယ်။ လွန်ခဲ့သော ဆယ်စုနှစ်တုန်းကတော့ ထုတ်လုပ်တဲ့ နည်းလမ်းက တစ်မျိုးရှိသေးတယ်။ ဆူဒို အဖက်ဒရင်းကို အသုံးပြုပြီးတော့ ထုတ်လုပ်တဲ့ နည်းလမ်းရယ်၊ နည်းစဉ်ရယ် ရှိသေးတယ်။ နည်းလမ်း ၅ မျိုး၊ နည်းစဉ်က အခု P2P မှာ လုပ်ငန်းစဉ် ၄ မျိုး ရှိတယ်။ ၄ မျိုးနဲ့ ထုတ်လုပ်လို့ ရပါတယ်။ တချို့နေရာတွေမှာ ပြီးခဲ့တဲ့နေရာတွေမှာ ဘာတွေ့လဲဆိုရင် တရုတ်လိုရေးထားတာ တွေ့တယ်။ ရှမ်းလိုရေးထားတာတွေ့တယ်။ မြန်မာလိုတွေ့တယ်။ ဒီနေရာကို လုံခြုံရေးအရ လက်နက်ကိုင်အဖွဲ့တွေက Cover ပေးထားတယ်။ Local People တွေက အဓိကလုပ်တဲ့ အလုပ်က စိုက်ပျိုးရေး၊ မွေးမြူရေးတွေပဲ လုပ်ကြတယ်။ မြန်မာနိုင်ငံအတွက် မဟုတ်ဘူး၊ ကမ္ဘာအတွက်ပါ အကျိုးအမြတ်ရတယ်။ We save the world. We try to save the world. မူးယစ်ဆေးဝါးပြဿနာက မူးယစ်ဆေးဝါးဆိုတာ တစ်ဦးတစ်ယောက်တည်းကို၊ ကဏ္ဍတစ်တည်းကို ထိခိုက်တာ မဟုတ်ဘူး။ အခု ကျွန်တော်တို့နိုင်ငံမှာ မူးယစ်

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

ဆေးဝါးကနေစခဲ့တဲ့ ပြဿနာက ငွေတွေအမြောက်အမြားရတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေ လက်နက်ဝယ်တဲ့ နေရာကိုရောက်တယ်။ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ထိခိုက်တယ်။ သုံးစွဲတဲ့သူတွေအနေနဲ့ ပြည်သူတွေကို ထိခိုက်တယ်။ ပြည်သူတွေမှာ တိုက်ရိုက်ထိခိုက်တာရှိတယ်။ သွယ်ဝိုက်ထိခိုက်တာရှိတယ်။ အဲတော့ မူးယစ်ဆေးဝါးပြဿနာဟာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတစ်ယောက်တည်းကို ထိခိုက်တာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ တစ်ခေါက်ကလည်း ဝန်ကြီး ရှင်းပြခဲ့တယ်။ လူသားမျိုးနွယ်တစ်စုလုံးကို ထိခိုက်တာဖြစ်တယ်။ ဒါကြောင့် ခုနတုန်းက ပြောသလို We save the world. We try to save the world. We try to save the human being. မြန်မာနိုင်ငံတစ်ခုတည်းအတွက် မဟုတ်ပါဘူး။ အိုက်စ်ဆိုတာ Methamphetamine အခဲ Crystal ကို အိုက်စ် လို့ခေါ်တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ဖြစ်ပေါ်နေတာဟာ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွရူးသွပ်ဆေးပြားမှာ Methamphetamine ဘယ်လောက်ပါလဲဆိုရင် Quality အကောင်းဆုံးက ၃၀ ရာခိုင်နှုန်းပါတယ်။ ကျန်တဲ့ ၆၀ ရာခိုင်နှုန်းနဲ့ ၆၅ ရာခိုင်နှုန်းက ကဖင်းပါတယ်။ ကဖင်းကို မြန်မာနိုင်ငံမှာ တားထားတယ်။ တခြား Chemical တွေနဲ့ ဆိုးဆေးတို့ဘာတို့ပါရင် ၁၀၀ ရာခိုင်နှုန်း ဖြစ်သွားရင် 1 tablet။ ဒါကြောင့်မို့လို့ အခုမိတဲ့ အိုက်စ်ကို 3.5 လောက်နဲ့ မြှောက်လိုက်ရင် ခုနတုန်းက ကဖင်းတွေရော တခြားဟာတွေနဲ့ ရောရင် ဘာထွက်မလဲဆိုတော့ အဲဒါက မက်သ်အဖက်တမင်း Tablet၊ အဲဒါကို ရာဘ Tablet လို့ ခေါ်တယ်။ ဒါက မက်သ်အဖက်တမင်း Crystal ကနေ ထုတ်လုပ်တာပါပဲ။

(၃)

ဒီနေရာကတော့ အဓိက အိုက်စ် မူးယစ်ဆေးဝါးနဲ့ နံပါတ်ဖိုး ဘိန်းဖြူထုတ်လုပ်တဲ့ နေရာဖြစ်ပါတယ်။ လက်ရှိအိုက်စ်ထုတ်လုပ်တဲ့ နေရာမှာ အသုံးပြုတဲ့ Acid ၊ ဓာတုဗေဒပစ္စည်းတွေ အများဆုံး တွေ့ရပါတယ်။ နောက်ပြီး အိုက်စ်ထုတ်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ အခြောက်ခံဗန်းတွေ၊ မွှေစက်တွေ၊ ဒါတွေကို တွေ့ရှိခြင်းအားဖြင့် မူးယစ်ဆေးဝါး အိုက်စ်ထုတ်လုပ်တဲ့နေရာလို့ အတည်ပြုခြင်းဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးကိုတော့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့က စပြီး လေးညအိပ် ငါးရက် မနားတမ်း လမ်းလျှောက်ပြီးတော့ မြေပြင်ကင်းထောက်ခြင်း၊ ဝေဟင်ကနေပြီး သတင်းရယူခြင်းနဲ့ ပေါင်းစပ်ပြီး ဒီနေရာကို ဆက်လက်ဖမ်းဆီးရှာဖွေ ဖော်ထုတ်မိတာဖြစ်ပါတယ်။ ဧက ၃၅/၄၀ ခန့်လောက်တော့ ရှိပါတယ်။ တိုက်ပွဲကတော့ ဇန်နဝါရီ ၉ ရက်နေ့မှာ တစ်ကြိမ်ဖြစ်ပါတယ်။ ထိတွေ့မှုတော့ ရှိပါတယ်၊ ဒဏ်ရာရအကျအဆုံးတော့ မရှိပါဘူး။ ရန်သူ ကျွန်တော်တို့နဲ့ ထိတွေ့တဲ့အချိန်မှာ ခန့်မှန်း ၃၅ / ၄၀ လောက်တော့ ရှိပါတယ်။ ကျွန်တော်တို့က အင်အားများတော့ သူတို့ ချက်ချင်းပြန်ဆုတ်ပြေးပါတယ်။ သူတို့ခွဲခွဲပြီးလုပ်တာပါ။ ကျွန်တော်ထင်တာတော့ သူတို့တွေ စက်ရုံ တစ်ခုနဲ့တစ်ခုတော့ အချိတ်အဆက် တစ်ခုတော့ရှိမယ် ထင်ပါတယ်။ ဒီဂိုဒေါင်ကြီးကအလုံပိတ်ပါ။ မိုးလုံလေလုံနဲ့ အိုက်စ်အခြောက်ခံတာတွေထားတဲ့နေရာဖြစ်ပါတယ်။ လူဝင်မယ်ဆိုရင်တောင် တော်တော်နဲ့ ဝင်လို့မရပါဘူး။ ဂိုဒေါင်တစ်ခုနဲ့ တစ်ခုက ဆက်စပ်ပါတယ်။

(၄)

(၇)ရက်နေ့ကနေ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ရည်မှန်းချက်နေရာကို ရောက်ဖို့ အတွက် လေးညအိပ် ငါးရက် ညရောနေ့ရော မနားမနေဘဲတောက်လျှောက် လာခဲ့ရပါတယ်ဗျ။ အဲ့အချိန်မှာ ကျွန်တော်တို့ ချောင်းတွေ မြောင်းတွေ အများကြီးဖြတ်ခဲ့ရပါတယ်ဗျ။ နောက်ပြီးတော့ ရွာတွေ တွေ့တဲ့အချိန်မှာ ရွာတွေကို ရှောင်ပါတယ်ဗျ။ လမ်းကို ကျွန်တော် တို့ လုံးဝမသုံးပါဘူးဗျ။ ကျွန်တော်တို့ တပ်မတော်ရော ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲကွန်မန်ဒိုတပ်ဖွဲ့တွေရော သွားတဲ့အချိန်မှာ တပည့်တွေ တအားပင်ပန်းဆင်းရဲပါတယ်ဗျ။ ဒါပေမယ့် ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ရည်မှန်းချက်နေရာကို မရောက်မချင်း တောက်လျှောက် ချီတက်ခဲ့တဲ့အချိန်မှာ နောက်ဆုံးတော့ ငါးရက်မြောက်နေ့မှာ ကျွန်တော်တို့ရည်မှန်းချက်နေရာကို ရောက်ရှိခဲ့ပါတယ်ဗျ။ ရည်မှန်းချက်နေရာကို ရောက်အောင်သွားရမယ်။ ဒီနေရာကို ကျွန်တော်တို့ သွားကိုသွားရမှာဖြစ်တဲ့အတွက် ဒီနေရာကို ငါတို့ မဖြစ်မနေသွားကို သွားရမယ်ဆိုတဲ့ စိန်ခေါ်မှုတစ်ရပ် ရှိပါတယ်ဗျ။ ကျွန်တော်တို့ သွားတဲ့အချိန်မှာ ရန်သူက ကျွန်တော်တို့ကို ကြားဖြတ် ညမှာ တိုက်ခိုက်ခံရပါတယ်ဗျ။ ခန့်မှန်း ၃၅/၄၀ လောက်ရှိမယ်ဗျ။ ကျွန်တော် တို့လည်း သူတို့ကို ပြန်ပြီးပစ်ခတ်ခဲ့ပါတယ်ခင်ဗျ။ ထိတွေ့မှုဖြစ်တဲ့အချိန်မှာ သူတို့ စွန့်ခွာပြေးသွားပါတယ်ဗျ။ လက်ရှိအနေနဲ့တော့ သူတို့ရဲ့နယ်မြေဖြစ်တဲ့အတွက် လုံခြုံမှုရှိတယ်ဆိုတာတော့ ကျွန်တော်တို့က ပကတိပြောလို့ မရပါဘူးဗျ။ တိုက်ပွဲကတော့ သူတို့က ကျွန်တော်တို့ကို ကြားဖြတ်တိုက်တယ်၊ ဟန့်တားတယ်။ အဓိက သူတို့ရည်ရွယ်ချက်ကတော့ ဒီနေရာတွေကို ကျွန်တော် မရောက်ဖို့အတွက် တားဆီးတဲ့ပုံစံမျိုးဖြစ်ပါတယ်ဗျ။ လက်ရှိအနေအထားတော့ကျွန်တော်တို့အားလုံး စိုးမိုးထားနိုင်ပါပြီဗျ။ ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်လာရင်တော့ ကျွန်တော်တို့က လုံးဝလက်မခံနိုင်ပါဘူးဗျ။ အားလုံးအမြစ်ပြတ်ပြီးတော့ ချေမှုန်းမှာပါဗျ။

(၅)

မူးယစ်ဆေးဝါးတွေကို အကြီးအကျယ် ထုတ်လုပ်နေတဲ့ နေရာ အမှတ် ၄ ဖြစ်ပါတယ်။ နေရာအမှတ် ၄ မှာ နှစ်နေရာလေး ကွဲနေတာပါ။ ရောက်ခဲ့တဲ့နေရာကတော့ အသစ်ပေါ့။ ဒါကတော့ အဟောင်းပါ။ အဟောင်းဆိုပေမယ့်လည်း ချက်လုပ်တာကတော့ ချက်လုပ်နေတဲ့အနေအထားရှိတယ်။ နေရာ ၄ မှာ အဓိက ဒါချက်တာကတော့ Methaphetamine ဖြစ်ပါတယ်။ နေရာ ၁ ၊ ၂ ၊ ၃ မှာသည် အိုက်စ်ပေါ့။ Crystal Meth ကို အဓိကထားပြီး ထုတ်လုပ်နေပြီးတော့ ဒီမှာဆိုရင် Packaging တွေပေါ့၊ Tablet ထုတ်လုပ်တာတွေလည်း တွေ့ပါလိမ့်မယ်။ ဒါတစ်ခုရှိပါတယ်။ ဒီမှာ သူက ထုတ်လုပ်တဲ့ နည်းစဉ်တွေက ၄၊ ၅ ခုလောက်ရှိတယ်။ ရှိတဲ့ အခါကျတော့ ကျွန်တော်တို့က ကိုယ်တွေက ထုတ်လုပ်သူမဟုတ်တဲ့ အခါကျတော့ ဘယ်လိုမျိုး ပြန်ကြည့်ရသလဲဆိုရင် သူတို့ ဘာ Chemical တွေ သုံးခဲ့လဲပေါ့။ စခန်းကို သိမ်းပိုက်ရမိတဲ့အချိန်မှာ ဘာ Chemical တွေ ကျန်ခဲ့လဲပေါ့၊ အဲဒါကို ကြည့်ပြီးတော့မှ နောက်ကြောင်းပြန်ပြီးတော့ Tracing လိုက်တဲ့ Method ကို သုံးပြီးတော့ ကြည့်နေတဲ့သဘောပေါ့။ ထုတ်လုပ်မှုနည်းစဉ် ၄၊ ၅ ခုမှာ သူက ၃ ခုလောက်ကတော့ ကျိန်းသေသုံးတဲ့ အနေအထားရှိပါတယ်။ အဓိက Methaphetamine ကို ချက်လုပ်တဲ့နေရာမှာ Precursor လို့ခေါ်တဲ့ Methaphetamine ရအောင် အစပျိုးရတဲ့ ဓာတုပစ္စည်းရှိပါတယ်။ P2P လို့ခေါ်တဲ့ Precursor ပေါ့။ အဲဒီ P2P က တိုက်ရိုက်ရတာမဟုတ်ပါဘူး။ P2P က Pre Precursor တွေကို ပြန်ပြီးတော့ ချက်တဲ့အနေအထားပါ။ P2P ဖြစ်အောင်ချက်ပြီးတော့ နောက်ထပ် နည်းစဉ်ပေါ့ လမ်းခွဲ ၄ ခုရှိတယ်။ အဲဒီ လမ်းခွဲ ၄ ခုအတိုင်း ထည့်ပြီးတော့ ချက်လိုက်ရင် ကျွန်တော်တို့ မြင်နေရတဲ့ Methaphetamine Crystal အိုက်စ်ကိုရတာပေါ့။ အဲဒီမှာတွေ့တဲ့ Chemical တွေ အကုန်လုံးကလည်း အများအားဖြင့် နည်းလမ်း ၃ ခုလောက်ကို အသုံးပြုတဲ့ အနေအထားလေး တွေ့ရပါတယ်။

ဥပမာဆိုရင် ကျွန်တော်တို့ ဒီမှာ ဒါအဆင့်တွေမှာဆိုရင်တော့ ထားပါတော့နော်၊ ဒါ ဆိုဒီယမ်ဆိုင်ယာနိုက် (Sodium Cyanide) ကို ဘန်ဇိုင်းကလိုရိုက် (Benzyl Chloride) ရယ်၊ အယ်လ်ကိုဟော (Alcohol) ရယ်၊ အဲဒါတွေနဲ့ ပေါင်းလိုက်တယ်ဆိုရင် ကျွန်တော်တို့ ဘန်ဇိုင်းဆိုင်ယာနိုက် (Benzyl Cyanide) ရသွားပြီ။ ဘန်ဇိုင်းဆိုင်ယာနိုက်ကို သန့်လိုက်ပြီ။ သန့်တဲ့အခါမှာ ဆာလ်ဖျူရစ်အက်စစ်(Sulfuric Acid)၊ ဆိုဒီယမ်ဘိုင်ကာဗွန်နိတ် (Sodium Bicarbonate)၊ ဆိုဒီယမ်ကလိုရိုက် (Sodium Chloride) နဲ့ ထပ်ပေါင်းတယ်ဆိုရင် ဒါဘန်ဇိုင်းဆိုင်ယာနိုက်ကို ပိုပြီးတော့ သန့်တဲ့ဟာ ရသွားပြီ။ ရပြီးတော့မှ အဲဒီဘန်ဇိုင်းဆိုင်ယာနိုက်ကို တစ်ခါ အခု ကျွန်တော် ရွတ်သွားတဲ့ Chemical တွေ အကုန်လုံး ဒီမှာမြင်နေရတဲ့ အတိုင်းပဲ၊ ကျွန်တော် မှတ်တမ်းတင်ထားပြီးသားပေါ့နော်။ ဆိုဒီယမ်၊ အီသိုင်းအက်စီတိတ် (Ethyl Acetate)၊ အီသာ (Ether) စသဖြင့်ပေါ့။ အဲဒါတွေ ရတယ်။ ပြီးရင် APAAN ဆိုတာလေး ရှိတယ်ခင်ဗျ။ အဲဒီ APAAN ကနေပြီးတော့ P2P ကိုသွားတာ သူတို့က နှစ်ဆင့်သုံးဆင့် ခံပြီးတော့ သွားတာပေါ့နော်။ အဲဒီတော့ ဒီ Chemical နဲ့ ယှဉ်တဲ့အခါမှာ နည်းလမ်း သုံးခုလောက်နဲ့ သူတို့ ချက်ပါတယ်။ သုံးထားတဲ့ Chemical တော်တော်များများကို ဒီမှာ မျက်မြင်ပေါ့၊ စမ်းသပ်စစ်ဆေးလို့ရပါတယ်။ ဒါသည် တော်တော်ကြီးကိုမှ အကြီးအကျယ် ထုတ်လုပ်နေတာ။ ရသမျှ Chemical တွေ အားလုံးကို ရသမျှနည်းလမ်းပေါင်းစုံနဲ့ တော်တော်ကြီးကို ထုတ်လုပ်နေတဲ့ အနေအထားရှိတယ်။ နောက်တစ်ခုက အိုက်စ်ပဲ မဟုတ်ဘူး၊ Methaphetamine Tablet တွေလည်းပါတယ်။ အခု မီဒီယာရောက်နေတဲ့ စခန်းမှာဆိုရင် မျက်မြင်လည်း တွေ့ခဲ့ရပြီ။ ဒါ ဟီးရိုးအင်း (Heroin) ပေါ့၊ ဘိန်းဖြူထုတ်လုပ်နေတဲ့ အနေအထားလေး ရှိတာပေါ့။ ဘိန်းဖြူထုတ်လုပ်တဲ့ ပစ္စည်းတွေ ကျွန်တော် ပြခဲ့တယ်၊ ဖန်ပေါင်းချောင် သေးသေးလေးထဲမှာ မည်းမည်းအရည်တွေပေါ့၊ အဲဒီအရည်က ဘိန်းဖြူ Raw Opium ပေါ့၊ သူတို့ အစပျိုးချက်လုပ်ထားတဲ့ ဟာတွေ ဖြစ်ပါတယ်။ ဒီမှာတွေ့ခဲ့တဲ့ သံမဏိတိုင်ကီလေးလုံးရှိတယ်။ အနံ့နည်းနည်းဆိုးပါတယ်။ ဘိန်းဖြူစပြီးတော့ ချက်လုပ်တဲ့ အရာတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဖွဲ့တွေ အနေနဲ့ မူးယစ်ဆေးဝါးမျိုးစုံကို နည်းလမ်းပေါင်းစုံနဲ့ သူတို့ရဲ့ ကိုယ်ကျိုးစီးပွား အကျိုးအမြတ်အတွက် ချက်လုပ်နေတာဖြစ်ပါတယ်။ ဘယ်လိုပဲ ပြောပြော ကျွန်တော်တို့ မြန်မာနိုင်ငံ မြန်မာ့မြေကတော့ ဒဏ်ရာတွေ အများကြီးရခဲ့တာပေါ့။ ပြီးခဲ့တဲ့ နေရာမှာ ကြည့်ခဲ့ရတယ်၊ သစ်တောတွေ အကုန်လုံးကလည်း ခန်းခြောက်နေတာ၊ ဒါမျိုးပြန်ဖြစ်ဖို့ စိမ်းလန်းစိုပြည်တဲ့ သစ်တောတွေ ပြန်ဖြစ်ဖို့ ခက်ခဲသွားပြီ။ ရင်နာစရာလည်း ကောင်းတယ်။ မြန်မာ့မြေကို ဒဏ်ရာတွေရအောင်လုပ်တယ်။ ဒါတွေကို ဆက်မဖြစ်အောင် ဝိုင်းဝန်းပြီး တားဆီးရမယ်။ ကာကွယ်ရမယ်။ ယခင်က မူးယစ်ဆေးဝါးဆိုတာ ဘိန်းစိုက်တာ၊ Organic ပေါ့၊ ဘိန်းစိုက်ပြီး ဘိန်းကနေတစ်ဆင့် ဒီလိုမျိုး ဟီးရိုးအင်းတွေချက်တာ။ အခုနောက်ပိုင်းကျတော့ ကျွန်တော်တို့ Synthetic ခေါ်တာပေါ့။ အခု မြင်တဲ့အတိုင်းပဲ ဒီ Chemical တွေ အကုန်လုံးကလည်း လောင်စားမယ်၊ အသက်ရှူလမ်းကြောင်း ပိတ်ဆို့မယ်၊ အက်စစ်တွေဆိုတော့ တော်တော်ဆိုးတဲ့ Chemical တွေ ဖြစ်ပါတယ်။ အဲဒါတွေကို ပေါင်းပြီးတော့ သူတို့နည်းစဉ်မှာထည့်ချက်မယ်။ ဒီ Chemical အကုန်လုံးက အဆိပ်တွေပါ။ ဒီအဆိပ်တွေကို လူငယ်တွေပေါ့၊ ဒါမသိတော့ သူတို့က End product လေးကိုပဲ ကြည့်ပြီးတော့ မွေးတယ်ပေါ့၊ ကောင်းတယ်ပေါ့ ဆိုရင်တော့ ဒါအဆိပ်တွေကို စားနေရတဲ့အတွက် သိပ်တော့ အဆင်မပြေဘူး။ ကျန်းမာရေးတွေ၊ အသက်အန္တရာယ်တွေ၊ လူညွန့်တုံးမဲ့အနေအထား အများကြီးရှိတယ်။ ဒါကြောင့် ဒီနေရာကို လာကြည့်ရှုံသာမကဘဲ လူငယ်တွေကို ဒါနဲ့ပတ်သက်ပြီး အသိပညာတွေ လက်ဆင့်ကမ်းစေချင်တယ်။ Happy Water ဆိုရင် သူတို့ သုံးမျိုးလောက် စပ်သုံးတယ်၊ သုံးမျိုးလောက် စပ်သုံးတာ ကောင်းတယ် ဆိုးတယ် စတာတွေပေါ့၊ ဒါပေမယ့် သူက ပြီးသွားရင် ကျန်းမာရေး တော်တော်ကြီးကို ထိခိုက်ပြီးတော့ နောက်နှစ်ရက်သုံးရက်လောက် သူတို့ ဘာမှ

*စာမျက်နှာ ၁၃ သို့*





# ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၄

**ကျောင်းသား ကျောင်းသူများ စာအုပ်စာပေများနှင့် ချစ်ခင်ရင်းနှီး ကျွမ်းဝင်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**



ဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ယဉ်ကျေးမှု အကအဖွဲ့၊ အေရိုးဗစ်အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူလေးများ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခါးလှည့်ပြိုင်ပွဲများတွင် ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်နေမှု ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများကို အာဟာရ စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှု၊ အခြေခံပညာကျောင်းများမှ ခင်းကျင်းပြသထားသည့် သိပ္ပံပြခန်းများ၊ လှပသာယာ ပြည်မြန်မာ ဓာတ်ပုံပြခန်းနှင့် စာအုပ်ပြခန်း၊ စာပေဟောပြောပွဲတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေများပေးအပ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း၊ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးကလည်းကောင်း၊ စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့ကလည်းကောင်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မေမေနီက ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းပေးအပ်ရာ တောင်ကြီးခရိုင် ပညာရေးမှူးကလည်းကောင်း၊ မြို့နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်စန္ဒာသက် (စာရေးဆရာမ ငွေခြည်လင်းလက်)က သုတ၊ ရသစာအုပ်များ လှူဒါန်းပေးအပ်ရာ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက လည်းကောင်း လက်ခံရယူကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**





***စာမျက်နှာ ၁၂ မှ***

မလုပ်နိုင်တော့ဘူး၊ အဲဒီတော့ ကျွန်တော်တို့ လုပ်အားတွေ ဆုံးရှုံးတာပေါ့။ ဒါကြောင့် အသိစိတ်နဲ့ ကာကွယ်ရမယ်။ Chemical နဲ့ ပတ်သက်လို့ရှိရင်လည်း တချို့က ဘာလုပ်တာလဲဆိုတော့ လမ်းလွဲသုံးတာပေါ့၊ ဥပမာ ကော်စတစ်ဆိုဒါ (Caustic Soda)၊ ဒါက Industrial use ၊ အဲဒါတွေကို နည်းပညာပိုင်းဆိုင်ရာ လမ်းလွဲသုံးလိုက်တဲ့အခါကျတော့ ဒီလို မူးယစ်ဆေးဝါးတွေ ထွက်လာတာပေါ့။ ဒါကြောင့် ကျွန်တော်နိုင်ငံမှာ သတ်မှတ်ထားတဲ့ မူးယစ်ဆေးဝါးတွေ၊ စိတ်ပြောင်းဆေးဝါးတွေ ထိန်းချုပ်ထားရုံမဟုတ်ဘဲ ကျွန်တော်တို့မှာ Surveillance ပေါ့၊ စောင့်ကြည့်ရမယ့် Chemical တွေလည်း နည်းနည်းရှိနေသေးတာပေါ့။ ဒီ Surveillance Chemical တွေကို ကျွန်တော်တို့ ထိန်းချုပ်နိုင်မှသာ ဒီလိုနေရာတွေ မရောက်ဘဲ နိုင်ငံတော်အတွက် အဆင်ပြေမှာပါ။

ကျွန်တော်တို့က နိုင်ငံတကာမှာ သွားပြီးတော့ အစည်းအဝေးတက်ရင်လည်း ရွှေတြိဂံဒေသ မြန်မာနိုင်ငံလို့ပဲ ပြောနေကြတာ။ နာလိုခံခက်နဲ့ နားထောင်ခဲ့ရတာပေါ့။ အခုလိုမျိုး ဒီလိုမျိုးတွေ ဖြစ်တယ်ဆိုတော့ ခုလို ချေမှုန်းနိုင်တယ်၊ သိမ်းပိုက်နိုင်တယ်။ Production လျော့သွားရင် အဆင်ပြေမှာပေါ့။ လူသားအရေးဆိုတော့ ကမ္ဘာကြီးရဲ့အရေးပေါ့။ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့အပါအဝင် ကျွန်တော်တို့တွေ အကုန်လုံးက ကမ္ဘာကို ကယ်တင်ဖို့ လုပ်နေတာပေါ့၊ We are trying to save the world ပေါ့၊ ကမ္ဘာကို ကယ်တင်ဖို့ လုပ်နေတာ။ ဒီ Chemical တွေ အားလုံး တော်တော်များများက မြန်မာနိုင်ငံက ထုတ်လုပ်တာ တစ်ခုမှ မရှိပါဘူး။ သက်ဆိုင်ရာကတော့ ခုနကျွန်တော်ပြောခဲ့တဲ့ ထိန်းချုပ်ထားတဲ့အရာတွေကို သေချာစစ်ဖို့လိုမယ်။ Control မလုပ်ထားတဲ့ အရာတွေလည်းရှိတယ်။ ထိန်းချုပ်ရတာ နည်းနည်းခက်တယ်။ အများစုက ဒါတွေ အကုန်လုံး နယ်စပ်ဒေသကနေ သောင်းကျန်းသူကိစ္စတွေ ဖြစ်ပေါ်လာတဲ့အခါ၊ နယ်မြေစိုးမိုးမှု လျော့သွားတဲ့အခါ လွတ်လွတ်လပ်လပ် သယ်ဆောင်ပြီး လုပ်နိုင်တဲ့အနေအထားကို ရောက်သွားတာပေါ့။

**သတင်းစဉ်**



ဆားလင်းကြီးမြို့နယ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရာတွင် လွယ်ကူလျင်မြန်စေရေး၊ မဲဆန္ဒရှင်များ၏ မဲစာရင်းအမှတ်စဉ်များ ကြိုတင်သိရှိနိုင်ရေးတို့အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၂ ရက်တွင် မဲစာရင်းနံပါတ်စာရွက်များ လိုက်လံပေးဝေစဉ်။
ခရိုင်(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇန်နဝါရီ ၂၅ ရက်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူများအားလုံး ပါဝင်နိုင်ရန်အတွက် "ဒို့အတူတူမဲပေးကြမယ်" ရွေးကောက်ပွဲလက်ကမ်းစာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၂ ရက်တွင် အမှတ် (၄) ရပ်ကွက်၊ (၁၁) လမ်းထိပ်မြို့မဈေးနှင့် ဈေးအတွင်း၌ ဖြန့်ဝေစဉ်။
ရဲကိုမောင်(ပြန်/ဆက်)





ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲရုံသို့ မဲလာရောက်ပေးနိုင်ရေး ဇန်နဝါရီ ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ လှည့်လည်အသိပေးနှိုးဆော်စဉ်။ မျိုးညွန့်ရွှေ(မိုးနဲ)

# မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပမာဏအများဆုံးသိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ဒုတိယအကြိမ်သတင်းစာရှင်းလင်းပွဲ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၄**

မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပမာဏအများဆုံးသိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်၌ ကျင်းပသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းကပြောကြားရာတွင် တက်ရောက်လာကြတဲ့ သံတမန်များ၊ စစ်သံမှူးများ၊ မီဒီယာများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဒီနေ့မှာတော့ မူးယစ်ဆေးဝါးနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ပစ္စည်းများ ပမာဏအများဆုံးသိမ်းဆည်းရမိမှုနဲ့ ပတ်သက်ပြီး ဒုတိယအကြိမ်သတင်းစာရှင်းလင်းမှာ ဖြစ်ပါတယ်။ ပထမအကြိမ်မှာ မူးယစ်ဆေးဝါးနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ပစ္စည်းတွေ ဖမ်းဆီးရမိတဲ့အခါ ဒီနေရာမှာပဲ ပထမအကြိမ်သတင်းစာရှင်းလင်းပွဲလုပ်ပြီးဖြစ်တယ်။ အဲဒီနေရာတစ်ဝိုက်ကို ထပ်ပြီးပိုက်စိပ်တိုက် ရှင်းလင်းရှာဖွေတဲ့နေရာမှာ ဒုတိယအကြိမ်မှာလည်း ချက်လုပ်တဲ့နေရာတွေနဲ့ ပမာဏများစွာ ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ထပ်မံရှင်းလင်းရခြင်းဖြစ်ပါတယ်။ အဲဒီနေရာကို ပထမအကြိမ်မှာ မီဒီယာတွေ၊ သံတမန်တွေလည်း ရောက်ရှိခဲ့ပြီးဖြစ်တယ်။ ပထမအကြိမ် ရောက်ရှိပြီးသားနေရာတွေကို လိုက်လံပြသပြီးနောက်ပိုင်း အားလုံးကို မြေမြှုပ်ဖျက်ဆီးတာ၊ မီးရှို့ဖျက်ဆီးတာတွေ ဆောင်ရွက်ခဲ့တာဖြစ်တယ်။ မြေမြှုပ်ဖျက်ဆီးခဲ့တဲ့ နေရာတွေ၊ မီးရှို့ဖျက်ဆီးခဲ့တဲ့နေရာတွေကို ဒီနေ့သတင်းစာရှင်းလင်းပွဲအပြီး ပြန်တဲ့နေရာမှာ ရဟတ်ယာဉ်နဲ့ အပေါ်ကနေ ပြသသွားမှာဖြစ်တယ်။ ဒါ့အပြင် ဒုတိယအကြိမ် ထပ်မံဖမ်းဆီးရမိတဲ့နေရာတွေကိုလည်း မြေပြင်ကွင်းဆင်းပြသသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ သတင်းစာရှင်းလင်းပွဲ တက်ရောက်ကြတဲ့ တာဝန်ရှိသူများနဲ့ မိတ်ဆက်ပေးမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကိုကိုကျော်ဖြစ်ပါတယ်။ ဒီဘက်ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးဖြစ်ပါတယ်။ ဒီဘက်မှာတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ ရှင်းလင်းပြောကြားမှာဖြစ်ပြီး ဒုတိယကတော့ ရဲချုပ်ကြီးက ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ပြောလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ EAOs တွေနဲ့ ပတ်သက်ပြီး ပြောလိုပါတယ်။ EAOs တွေဆိုတာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဖြစ်တယ်။ မြန်မာနိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေ စတင်ခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၇၀ ကျော်ပြီပေါ့ဗျာ။ ဒီ EAOs တွေ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး လုပ်ခဲ့ပေမယ့် အခုအချိန်ထိ အပြည့်အဝအောင်မြင်မှုမရသေးပါဘူး။ ဒီအောင်မြင်မှုမရရှိတဲ့ အကြောင်းအရင်းထဲမှာလည်း အဓိကပါဝင်တဲ့ အကြောင်းအရင်းက မူးယစ်ဆေးဝါးပါပဲ။ မူးယစ်ဆေးဝါးနဲ့ တရားမဝင်လုပ်ငန်းတွေပဲ။ သူတို့ကတော့ မျိုးစုံပြောကြမှာပဲ။ သံတမန်တွေရော၊ စစ်သံမှူးတွေရော၊ တက်ရောက်လာကြတဲ့မီဒီယာတွေ ခင်ဗျားတို့သိမှာပဲ။ လူမျိုးရေး၊ အမျိုးသားရေး၊ နိုင်ငံရေးစသဖြင့် သူတို့မျိုးစုံအကြောင်းပြတာပဲ။ ဒါပေမယ့် တကယ့်မြေပြင်မှာ လက်တွေ့လုပ်နေတာကတော့ တရားမဝင်စီးပွားရေးလုပ်ငန်းတွေဖြစ်ပြီး အဲဒီလုပ်ငန်းတွေက ဝင်ငွေရရှိတယ်။ အဲဒီဝင်ငွေတွေနဲ့ လက်နက်ဝယ်တယ်။ လက်နက်ဝယ်ပြီး အဲဒီငွေတွေနဲ့ပဲ အာဏာထူထောင်တယ်။ သူတို့အနေနဲ့ ပြယုဂ်ကောင်းအောင် လူမျိုးရေး၊ လွတ်မြောက်ရေးစသဖြင့် အကြောင်းပြတာဖြစ်မယ်။ တကယ့်လက်တွေ့လုပ်ငန်းတွေမှာတော့ ဒါတွေပဲလုပ်နေတာဖြစ်တယ်။ ဒါကြောင့် EAOs အမည်ခံ လက်နက်ကိုင်တချို့အတွက် အဓိကဝင်ငွေရတဲ့လုပ်ငန်းသည် မူးယစ်ဆေးဝါးလုပ်ငန်းဖြစ်ပြီး သူတို့တွေက ဒါကိုလုံးဝလက်မလွှတ်နိုင်တဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မူးယစ်ဆေးဝါးဆိုတာ တစ်မျိုးသားလုံးကို လူညွှန့်တုံးစေနိုင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး တိုက်ဖျက်ရမယ့် ကိစ္စဖြစ်ပါတယ်။ ဒီလိုမူးယစ်ဆေးဝါးတွေကို နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က ဘယ်လိုတိုက်ဖျက်ခဲ့တယ်ဆိုတာကို မူးယစ်ဆေးဝါးရဲ့ သမိုင်းကြောင်းကအစပြုပြီး ကျွန်တော် ဒီနေ့မှာ အနည်းငယ်ပြောလိုပါတယ်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး

မူးယစ်ဆေးဝါးဆိုတာ ယခင်က ကျွန်တော်တို့နိုင်ငံမှာ မရှိခဲ့ပါဘူး။ သမိုင်းဆိုင်ရာဖော်ပြချက်တွေအရ ၁၆ ရာစုမှာ ပေါ်တူဂီလူမျိုးတွေက မြန်မာနိုင်ငံကို စတင်ရောက်ရှိလာပြီး ပဲခူးမြို့မှာ ဘိန်းအရောင်းအဝယ်လုပ်ခဲ့ကြောင်းကို မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ ၁၇ ရာစုက ဒတ်(ချ်) ကုမ္ပဏီရဲ့ မှတ်တမ်းမှာလည်း မလက္ကာမြို့က ဘိန်းတွေကို ယိုးဒယားနိုင်ငံကို ပို့ဆောင်ဖို့အတွက် မြန်မာနိုင်ငံ၊ ပဲခူးတိုင်းမှတစ်ဆင့် ယူဆောင်ခဲ့ကြကြောင်းနဲ့ ပဲခူးဆိပ်ကမ်းမှာ ဘိန်းတွေ စတင်ရောင်းချခဲ့ကြောင်းကို တွေ့ရပါတယ်။ ဒါတွေကတော့ သမိုင်းဆိုင်ရာ အထောက်အထားခာတ်ပုံတွေဖြစ်ပါတယ်။

၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးမှာ ဗြိတိသျှတို့က ရခိုင်နဲ့ တနင်္သာရီဒေသတွေကို ဘိန်းတွေ တင်သွင်းလာခဲ့တယ်။ ပထမပိုင်းမှာ ဗမာလူမျိုးတွေက ဘိန်းမရှုတတ်၊ မစားတတ်သေးတဲ့အချိန်မှာ အခမဲ့ပေးတယ်။ ဘိန်းသုံးစွဲပုံ၊ ရှုပုံရှုနည်းတွေပြပေးတာတို့၊ လိုင်စင်ရဘိန်းခန်းတွေကို ရခိုင်ပြည်နယ်မှာ ဖွင့်လှစ်ပေးတာတို့ ပြုလုပ်ပေးခဲ့တာဖြစ်ပါတယ်။ နယ်ချဲ့ဗြိတိသျှတို့က ရခိုင်နဲ့ တနင်္သာရီကို မြန်မာနိုင်ငံအတွက် ဘိန်းခလေ့သွတ်သွင်းရေးမဟာဗျူဟာအရ ပရိယာယ်အမျိုးမျိုးနဲ့ တင်သွင်းဖြန့်ဝေခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဘိန်းတင်သွင်း ရောင်းဝယ်ဖြန့်ဖြူးခွင့်လိုင်စင်တွေလည်း သူတို့အတွက် အခွန်များစွာရရှိစေခဲ့ပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံမြောက်ပိုင်း ချင်းတွင်းဒေသ၊ ချင်းတောင်ဒေသ၊ ကချင်ဒေသ၊ ရှမ်းဒေသတွေဆီကို အာသံပြည်နယ်က ဘိန်းမျိုးစေ့တွေရောက်ရှိလာတာကနေ ဘိန်းခင်းတွေ စတင်ပြန့်ပွားလာတာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကချင်တောင်တန်းဒေသတွေမှာလည်း တရားဝင်ဘိန်းစိုက်ခွင့်ပြုခဲ့တဲ့အပြင် ဘိန်းခန်းတွေဖွင့်ပြီး ဘိန်းရှူတာကို မှတ်ပုံတင်နဲ့ခွင့်ပြုခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် ကိုလိုနီခေတ်မှာ သံလွင်မြစ်အရှေ့ဘက်ကမ်းဒေသတွေမှာလည်း ဘိန်းကို တရားဝင်စိုက်ပျိုးခွင့်ပေးထားခဲ့ပါတယ်။ ဗြိတိသျှအစိုးရက ဘိန်းသယ်ယူတာ၊ ရောင်းချတာတို့ကို သူတို့ကိုယ်တိုင်လုပ်ပြီး ဘိန်းဆိုင်ပေါင်းနှစ်ရာကျော်ဆိုင်ဖွင့်လှစ်ခဲ့ပါတယ်။ ဘိန်းရှူတဲ့သူနဲ့ ဘိန်းစားတဲ့သူတွေကို တရားဝင်မှတ်ပုံတင်ထားပြီး ရောင်းချခဲ့တာကိုတွေ့ရပါတယ်။ ဒီလိုဗြိတိသျှတွေဆီမှာ မှတ်ပုံတင်ထားတဲ့ ဘိန်းစားနဲ့ဘိန်းရှူသူပေါင်း လေးသောင်းကျော်ရှိခဲ့တာကို မှတ်တမ်းတွေအရ တွေ့ရှိခဲ့ရပါတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တရုတ်ပြည်မှာ တရုတ်လွတ်မြောက်ရေးတပ်မတော်က တရုတ်ဖြူကူမင်တန်တပ်တွေကို တိုက်ထုတ်တဲ့အခါ မြန်မာနိုင်ငံထဲ ကူမင်တန်တပ်တွေ ကျူးကျော်ဝင်ရောက်လာချိန်မှာတော့ ကိုလိုနီဆိုးမွေအဖြစ်ကျန်ခဲ့တဲ့ ဘိန်းအနည်းငယ်သာ စိုက်ပျိုးတာကနေ သူတို့ကျူးကျော်ဝင်ရောက်ပြီးနောက်မှာ ဘိန်းအများဆုံးစိုက်ပျိုးတဲ့နိုင်ငံအဖြစ် ပြောင်းလဲစေခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်မှာ အမေရိကန်နိုင်ငံ ထောက်လှမ်းရေးအဖွဲ့ CIA က မြန်မာနိုင်ငံ ရှမ်းပြည်နယ်ထဲကို အရေးနိမ့်ပြီး ရောက်ရှိလာတဲ့ ကူမင်တန်တရုတ်ဖြူအကြွင်းအကျန်တွေကို ပြန်လည်စုဖွဲ့ပြီး တရုတ်ပြည်မရဲ့ တောင်ဘက်ပိုင်းကို ပြန်လည်တိုက်ခိုက်နိုင်ဖို့ လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ မိုင်းဆတ်မှာ CIA အကူအညီနဲ့ လေယာဉ်ကွင်းဖောက်လုပ်ပေးပြီး ခေတ်မီလက်နက်ခဲယမ်းတွေကို ထိုင်းနိုင်ငံကနေ လေယာဉ်နဲ့ မိုင်းဆတ်ကို ပို့ပေးခဲ့ပါတယ်။ အဲဒီလေယာဉ်တွေအပြန်မှာ မြန်မာနိုင်ငံကထွက်ရှိတဲ့ ဘိန်းတွေကို တင်ဆောင်သွားခဲ့ပါတယ်။ ကူမင်တန်တွေက တရုတ်ပြည်မကြီးကို စစ်ရေးအရ မထိုးဖောက်နိုင်ဘဲ မြန်မာပိုင်နက်ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ နယ်မြေတွေကိုပဲ ကျူးကျော်ဝင်ရောက်နိုင်ခဲ့ပြီး ဘိန်းထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ခဲ့ပါတယ်။ ဒေသခံတွေကို လက်နက်နဲ့ခြိမ်းခြောက်ပြီး ဘိန်းသီးနှံအခွန်များ အဓမ္မကောက်ခံခဲ့တာကို တွေ့ရပါတယ်။ ဒေသခံတိုင်းရင်းသားတွေကိုလည်း အတင်းအဓမ္မ လက်ထပ်ယူခဲ့ပြီး ဘိန်းကုန်သွယ်လုပ်ငန်းကို လွယ်ကူလုံခြုံအောင် အထောက်အကူပြုစေခဲ့တာကိုလည်း တွေ့ရပါတယ်။

ကူမင်တန်တွေ ရှမ်းပြည်နယ်ကထွက်တဲ့ဘိန်းကို ထိုင်းနိုင်ငံမြောက်ပိုင်းကို တင်ပို့ပြီး ရောင်းချခဲ့ပါတယ်။ မြန်မာ့တပ်မတော်က တိုက်ထုတ်လိုက်လို့ ကူမင်တန်တွေ ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးသွားပေမယ့် ဒေသခံဘိန်းစိုက်သူတွေကို ထိန်းချုပ်မြဲထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားတွေကို ကူမင်တန်တပ်ထဲကိုအဓမ္မသွတ်သွင်းပြီး လက်နက်တပ်ဆင်ထားနိုင်တဲ့အတွက် ဘိန်းထုတ်လုပ်မှုကို အဆပေါင်းများစွာ တိုးတက်ထုတ်လုပ်နိုင်ခဲ့တာတွေ့ရပါတယ်။ အဲဒီခေတ်က တစ်နှစ်ကို ဘိန်းတန် ၄၀ ထုတ်တာကနေ ၁၉၆၂ ခုနှစ်လောက်မှာတော့ တန်ချိန် ၄၀၀၀ အထိ ထုတ်လုပ်လာနိုင်တာကိုလည်း မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ ကျန်တဲ့ပြည်တွင်းသောင်းကျန်းသူ လက်နက်ကိုင်အဖွဲ့တွေကလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်ပြီး လက်နက်တွေနဲ့ လဲလှယ်ခဲ့ပါတယ်။ အမှန်တကယ်ထိန်းချုပ်မှုကို ကူမင်တန်ကပဲ ထိန်းချုပ်တာဖြစ်ပါတယ်။ ဘိန်းစိမ်းတစ်ကီလို(၂၈) ဒေါ်လာနဲ့သတ်မှတ်ရောင်းချခဲ့ပြီး လက်နက်တစ်လက်ကို ၁၂၉ ဒေါ်လာမှ ဒေါ်လာ ၁၅၀ အထိ ဈေးနှုန်းသတ်မှတ်ပြီး ဝယ်ယူလဲလှယ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒါဟာမြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခ အဆုံးမသတ်ရခြင်းရဲ့ ရင်းမြစ်ဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောလိုပါတယ်။ ကူမင်တန်တရုတ်ဖြူတွေ မြန်မာနိုင်ငံအတွင်းကို ကျူးကျော်ဝင်ရောက်မှုဟာ နိုင်ငံအတွင်းမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု မြင့်တက်လာရုံမကဘဲ ပြည်တွင်းလက်နက်ကိုင်တွေအတွက် လူ၊ လက်နက်အင်အားဖြည့်တင်းရေးကိုပါ ကူညီလုပ်ဆောင်ပေးပြီး သောင်းကျန်းမှုတွေကို မြေတောင်မြှောက်ပေးခဲ့တာဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါးကို တစ်မျိုးသားလုံး လူညွှန့်တုံးစေနိုင်ပြီး အမျိုးသားရေးအန္တရာယ်လို့ သတ်မှတ်တဲ့အတွက် တစိုက်မတ်မတ်နှိမ်နင်းခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ အခုအချိန်မှ လုပ်ခဲ့တာ မဟုတ်ပါဘူး။ တပ်မတော်ရဲ့ ပထမဦးဆုံး ဘိန်းစစ်ဆင်ရေးကို ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ကနေ ၂၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။ ပထမဦးဆုံး ကျွန်တော်တို့ မိခဲ့တဲ့ဟာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမြို့ရဲ့ တောင်ဘက် ပန်ပိကျေးရွာအနီးမှာ ရှမ်းသောင်းကျန်းသူ (SURA)မိုးဟိန်းအဖွဲ့နဲ့ တရုတ်ဖြူလက်နက်ကိုင်အင်အား ၃၀၀ ကျော်တို့ဟာ ဘိန်းချက်စက်ရုံဆောက်လုပ်ပြီး ဘိန်းဖြူများထုတ်လုပ်ခဲ့ပါတယ်။ ဒါသည် မြန်မာနိုင်ငံမှာ ပထမဦးဆုံး ဖမ်းဆီးရမိခဲ့တဲ့ ဘိန်းချက်စက်ရုံဖြစ်ပါတယ်။ ဒါက ဘိန်းချက်စက်ရုံ နေရာဖြစ်ပါတယ်။ ဒီဘိန်းချက်စက်ရုံကို စတင်နှိမ်နင်းခဲ့တဲ့ စစ်ဆင်ရေးကတော့ ပန်ပိစစ်ဆင်ရေးဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်ရဲ့ အကြီးဆုံးဘိန်းနှိမ်နင်းရေး၊ စစ်ဆင်ရေးများဖြစ်တဲ့ မိုးဟိန်းစစ်ဆင်ရေးကို အဆင့်(၁)ကနေ အဆင့်(၁၂)အထိ ဆောင်ရွက်ခဲ့ပါတယ်။ အချိန်ကာလကတော့ ၁၉၇၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ကနေ ***စာမျက်နှာ ၁၅ သို့***

စာမျက်နှာ ၁၄ မှ

၁၉၈၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့အထိ ကြာမြင့်ခဲ့တာ ဖြစ်ပါတယ်။ ဆယ်စုနှစ်နဲ့ချီပြီး ကြာမြင့်ခဲ့တာဖြစ်ပါတယ်။ အဲဒီ စစ်ဆင်ရေးကာလအတွင်းမှာ တပ်မတော်သား ၆၉ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး ၄၅၁ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

ဒီသမိုင်းကြောင်းတွေကို ကျွန်တော်ပြန်ပြောနေရတာက ဘာလို့လဲဆိုတော့ EAOs များက စတင်ရပ်တည်ကတည်းက မူးယစ်ဆေးဝါးကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ရပ်တည်ခဲ့သလို အခုထိလည်း လုပ်ကိုင်နေကြဆဲဆိုတာကို သိစေချင်လို့ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဟာ ငွေရအလွယ်ဆုံးနည်းလမ်းဖြစ်ပြီး အကာအကွယ်အတွက် တရားမဝင်လက်နက်ကိုင်တွေ လိုအပ်ပါတယ်။ တရားမဝင်လက်နက်ကိုင်အဖွဲ့များရဲ့ အဓိကတရားမဝင် စီးပွားရေးလုပ်ငန်းသုံးခုရှိပါတယ်။ ဒါတွေကတော့ နံပါတ်တစ် မူးယစ်ဆေးဝါးလုပ်ငန်း၊ နံပါတ်နှစ်အနေနဲ့ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ တူးဖော်ခိုးထုတ်ခြင်းလုပ်ငန်းနဲ့ နံပါတ်သုံးအနေနဲ့ တရားမဝင် မှောင်ခိုကုန်သွယ်လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို အကျယ်ပြန့်ဆုံး လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ လက်နက်ရှိတဲ့အတွက် အာဏာရှိတယ်၊ အာဏာရှိတဲ့အတွက် မူးယစ်ဆေးဝါးကို အကာအကွယ်ပေးတယ်၊ လုပ်တယ်၊ လုပ်တဲ့အတွက်ကြောင့် ငွေရရှိပြီး၊ ငွေရရှိတဲ့အတွက် လက်နက်ဝယ်ယူပြီး အာဏာကို ပိုပြီးတည်ဆောက်ကြတာ ဖြစ်ပါတယ်။ ဒီလိုနဲ့ သံသရာလည်နေကြတာဖြစ်ပါတယ်။ ဒီထဲမှာတော့ EAOs တချို့က ဒါတွေကို ယောင်ပြတိုက်ဖျက်သလိုလုပ်ပြီး နောက်ကွယ်မှာတော့ သူတို့ရဲ့ အသက်ဆက်ရေးလုပ်နေတာတွေ၊ တခြားသူတွေကို လုပ်ခိုင်းနေတာတွေလည်းရှိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနဲ့ တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွေကို အင်တိုက်အားတိုက် ဖိဖိစီးစီး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၉ ရက်နေ့ကနေ ၁၀ ရက်၊ ၁၁ ရက်တို့မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်နဲ့ မိုင်းရယ်မြို့နယ်များ အတွင်း မူးယစ်ဆေးဝါးနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းကိရိယာအမြောက်အမြားကို သိမ်းဆည်းရမိမှု၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာမှာ အသုံးပြုတဲ့ပစ္စည်းများ သိမ်းဆည်းရမိမှုကိစ္စများနှင့် ပတ်သက်ပြီး ဒီမှာပဲ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

သတင်းစာရှင်းလင်းပွဲအပြီး နောက်တစ်နေ့ ဖြစ်တဲ့ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ နောက်ထပ် အဲ့နေရာမှာပဲ နေရာ ၁ ခု၊ ၁၆ ရက်နေ့မှာ နေရာ ၃ ခု၊ ၁၈ ရက်နေ့မှာ နေရာ ၃ ခု၊ ၁၉ ရက်နေ့မှာ နေရာ ၂ ခုနဲ့ ၂၀ ရက်နေ့မှာ နေရာ ၁ ခုစတဲ့ နေရာတွေကို မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ အဆောက်အအုံတွေ၊ ပစ္စည်းတွေနဲ့ ထပ်မံသိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဇန်နဝါရီလ ၂၂ ရက်နေ့မှာတော့ အဲဒီနေရာတစ်ဝိုက်မှာရှိတဲ့ SSPP/SSA လက်နက်ကိုင်အဖွဲ့ရဲ့ အခိုင်အမာတည်ဆောက်ထားတဲ့ စခန်းနေရာတစ်ခုကို ကျွန်တော်တို့ သိမ်းပိုက်ရရှိခဲ့ပါတယ်။ စခန်းပေါ်မှာ SSPP/SSA များ နေထိုင်တဲ့ လူနေအဆောက်အအုံတွေ၊ မြေစိုက်သစ်လုံးဘန်ကာတွေ၊ အရှည်ပေ ၃၀၀ ခန့် ရှိတဲ့ဆက်သွယ်ရေးမြောင်းတွေ၊ သွပ်မိုးအုတ်ကာ ကင်းစောင့်တဲတွေ ကျွန်တော်တို့ သိမ်းပိုက်ရရှိခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီလိုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးနဲ့ တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အစိုးရရဲ့ မူဝါဒများကို ပြောကြားပါမယ်။ နံပါတ်တစ်အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အမြစ်ပြတ်အောင် တိုက်ဖျက်ရှင်းလင်းတဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ Must Win မဖြစ်မနေ အောင်နိုင်ရမည်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်ထားပြီး ဆောင်ရွက်နေပါတယ်။ နံပါတ်နှစ်အနေနဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လာရင် အသေးအဖွဲကအစ Zero Tolerance လုံးဝသည်းခံမှာမဟုတ်ပါဘူး။ နံပါတ်သုံးအနေနဲ့ မူးယစ်ဆေးဝါးကို တိုက်ဖျက်တဲ့နေရာမှာ Total War on Drug မူးယစ်ဆေးဝါးကို အလုံးစုံစစ်ပွဲပုံစံနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နံပါတ်လေးအချက်အနေနဲ့ကတော့ အကြမ်းဖက်အဖွဲ့အစည်းများနဲ့ မူးယစ်ဆေးဝါးမှောင်ခိုသမားတွေအကြားမှာ ဆက်နွှယ်ပတ်သက်နေတာဖြစ်တဲ့အတွက် Narco – terrorism မူးယစ်ဆေးဝါးအကြမ်းဖက်မှုအဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ချေမှုန်းသွားမှာဖြစ်ပါတယ်။ နံပါတ်ငါးအနေနဲ့ကတော့ မြန်မာနိုင်ငံနဲ့မြန်မာပြည်သူလူထုရဲ့ ကောင်းရာကောင်းကျိုး အကျိုးစီးပွားကို လိုလားတဲ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ Engage and Cooperate ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ မိဘပြည်သူများကို ပြောကြားလိုတာကတော့ **မူးယစ်ဆေးဝါးသည် လူသားမျိုးနွယ်စုတစ်ခုလုံး ရင်ဆိုင်နေရသည့် ပြဿနာ**ဖြစ်တယ်ဆိုတာကို သတိပြုကြဖို့လိုပါတယ်။ ဒေသခံတိုင်းရင်းသား၊ ယခုရောက်ရှိနေသည့် မီဒီယာ၊ ဒေသခံမီဒီယာများ၊ နိုင်ငံ့ဝန်ထမ်းများ၊ NGO များ၊ ဒေသခံစီးပွားရေးသမားများနှင့် အခြားသော လူမှုအဖွဲ့အစည်းများ အားလုံးသည် အစိုးရအတွက် အခြေခံကျတဲ့ သတင်းအရင်းအမြစ်များ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့သတင်းရရှိရင် တာဝန်ရှိသူတွေဆီကို အချိန်မီ သတင်းပို့ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး ဖြစ်စဉ်တွေမှာ အဓိကပါဝင်ပတ်သက်လျက်ရှိတဲ့ မည်သည့် အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ကျွန်တော်တို့အနေနဲ့ အလေးအနက်ပြောကြားလိုပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ကုလသမဂ္ဂ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် ရန်ကုန်မြို့ အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်ကြတဲ့ UNODC (United Nations Office on Drugs and Crime)၊ AFP (Australian Federal Police)၊ DEA (Drug Enforcement Administration)၊ NNCC (National Narcotics Control Commission)၊ ONCB (Office of Narcotics Control Board) တို့နဲ့ လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်စုတစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေနိုင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို နိုင်ငံအတွင်းမှာရှိတဲ့ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များကို အသုံးပြုပြီး ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်းကာ ထိရောက်ပြင်းထန်စွာ နှိမ်နင်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနဲ့လည်း တက်တက်ကြွကြွ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက တက်ရောက်လာကြသူများအား နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်နဲ့ မိုင်းရယ်မြို့နယ်တို့မှာ မူးယစ်ဆေးဝါးချက်လုပ်တဲ့ နေရာများ ဖော်ထုတ်သိမ်းဆည်းရမိမှုအခြေအနေကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့က ဒီနေရာမှာပဲ သတင်းစာရှင်းလင်းပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့နေရာအရောက် မြေပြင်ကွင်းဆင်းရှင်းလင်းပြသခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးချက်လုပ်နေတဲ့နေရာ ဝန်းကျင်မှာ လေကြောင်းကင်းထောက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းတွေကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆက်လက်ဆောင်ရွက်တဲ့ အခါမှာ ယခင်ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးချက်လုပ်သော နေရာများ၏ ဝန်းကျင်မှာ ထပ်မံပြီးတော့ မသင်္ကာဖွယ်နေရာ ၁၄ နေရာကို ထပ်မံဖော်ထုတ်တွေ့ရှိခဲ့ရပါတယ်။

ယခင်သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းပြသခဲ့တဲ့ မူးယစ်ဆေးဝါးချက်လုပ်တဲ့ နေရာ ၃ နေရာကို ကျွမ်းကျင်သူများဖြင့် အသေးစိတ်စိစစ်ခဲ့ရာမှာ နေရာအမှတ် ၁ မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁၂၉ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း)အရည် ၃၀၀ လီတာ၊ ဓာတုပစ္စည်း ၁၇ မျိုးနှင့် ဆက်စပ်ပစ္စည်း ၃၁ မျိုး၊ နေရာအမှတ် ၂ မှ ဓာတုပစ္စည်း ၈ မျိုးနှင့် ဆက်စပ်ပစ္စည်း ၂၆ မျိုး၊ နေရာအမှတ် ၃ မှ အိုက်စ် (မက်သ်အဖက်တမင်း) ၂၃၄၃ ဒသမ ၆၂ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) အရည် ၂၀၀ လီတာ၊ ဓာတုပစ္စည်း ၂၁ မျိုးနှင့် ဆေးပြားရိုက်စက် ၃ လုံး အပါအဝင် ဆက်စပ်ပစ္စည်းအမျိုး ၄၀ တို့ကို အသီးသီး သိမ်းဆည်းရရှိခဲ့ပါတယ်။ ဒီသိမ်းဆည်းရရှိခဲ့တဲ့ မူးယစ်ဆေးဝါးချက်လုပ်တဲ့နေရာ ၃ နေရာတို့မှ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၂၈၂ ဘီလီယံခန့်ရှိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါတယ်။ အိုက်စ်(မက်သ်အဖက်တမင်း)နှင့် စိတ်ကြွဆေးပြားထုတ်လုပ်ရာမှာ အသုံးပြုသော ဆက်စပ်ပစ္စည်း ကိရိယာမျိုးစုံတို့ကိုလည်း သိမ်းဆည်းရမိခဲ့ပါတယ်။

ဒီလို သိမ်းဆည်းရမိခဲ့တဲ့ မူးယစ်ဆေးဝါးချက်လုပ်တဲ့နေရာ ၃ နေရာတို့မှ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့အတွင်း မြန်မာ့တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခြင်း၊ မြေမြှုပ်ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ မဖျက်ဆီးမီနှင့် ဖျက်ဆီးပြီး မှတ်တမ်းဓာတ်ပုံများကိုလည်း Power Point မှာ ယှဉ်တွဲဖော်ပြထားပါတယ်။ ဒါ့အပြင် ခန်းမတွင်း ဘေးဘယ်ညာရှိ ဘုတ်တွေမှာလည်း ဓာတ်ပုံများ ကပ်ထားပြီးဖြစ်တဲ့အတွက် ယနေ့တက်ရောက်လာကြသူများ အားလုံးအနေနဲ့ ကြည့်ရှုလေ့လာနိုင်ကြောင်း ကျွန်တော့်အနေနဲ့ပြောကြားလိုပါတယ်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့နဲ့ ၁၁ ရက်နေ့တို့မှာ ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာ နေရာအမှတ် ၃ မှာ တွေ့ရှိရတဲ့ ဓာတုပစ္စည်းများနဲ့ ချက်လုပ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းကိရိယာများ အပေါ် ကျွမ်းကျင်သူပညာရှင်များဖြင့် ခန့်မှန်းတွက်ချက်မှုကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီပညာရှင်တွေရဲ့ ခန့်မှန်းတွက်ချက်မှုများအရ ဒီနေရာတစ်ခုတည်းမှာပဲ အိုက်စ် (မက်သ်အဖက်တမင်း) ၂၇ တန်ခန့် ထုတ်လုပ်နိုင်တာကို တွက်ချက်ရရှိပါတယ်။ ဒါ့အပြင် တန်ဖိုးအားဖြင့် ငွေကျပ် ၅၄၀ ဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွဆေးပြားများကို ထုတ်လုပ်နိုင်တယ်ဆိုတာကို တွေ့ရှိရပါတယ်။ စိတ်ကြွဆေးပြား ထုတ်လုပ်မယ်ဆိုရင် အရေအတွက်အနေနဲ့ စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့် ထုတ်လုပ်နိုင်ပြီးတော့ တန်ဖိုးအားဖြင့် ငွေကျပ် ၁၆၂၀ ဘီလီယံခန့် ထုတ်လုပ်နိုင်မှာဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီနေရာမှာ Pressurized Metal Reactor ၆ လုံး လက်ရှိအသုံးပြုနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် Reactor ၃ လုံးကို ထပ်မံပြီးတော့ တပ်ဆင်နေဆဲဖြစ်တဲ့အတွက် မူးယစ်ဆေးဝါး အမြောက်အမြားကို တိုးမြှင့်ထုတ်လုပ်ရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။

နေရာအမှတ်၁ မှာတော့ မူးယစ်ဆေးဝါးချက်လုပ်သူတွေဟာ ထုတ်လုပ်ပြီးတဲ့ မူးယစ်ဆေးဝါးများ အားလုံးနဲ့ အရေးကြီးတဲ့ ဓာတုပစ္စည်းတွေကို ရွှေ့ပြောင်းသယ်ယူဖို့အတွက် အချိန်ရသွားတာ ဖြစ်တဲ့အတွက် ရွှေ့ပြောင်းသွားတာကို တွေ့ရပါတယ်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုပစ္စည်းထားသိုရာနေရာတွေနဲ့ အသုံးပြုတဲ့ ပစ္စည်းကိရိယာတွေကို သူတို့မီးရှို့ ဖျက်ဆီးသွားတာကိုတွေ့ရှိရပါတယ်။ မီးမလောင်ဘဲကျန်ခဲ့တဲ့ ဓာတုပစ္စည်းတွေနဲ့ ပစ္စည်းကိရိယာတွေရဲ့ အထောက်အထားများအရ Pressurized Metal Reactor ၁၃ လုံး အသုံးပြုပြီး ချက်လုပ်နေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် Reactor ၇ လုံး ထပ်မံတိုးချဲ့ရန် အဆောက်အအုံများ ထပ်မံတိုးချဲ့ ဆောက်လုပ်နေတာကိုလည်း အဲ့နေရာမှာတွေ့ရတဲ့အတွက် နေရာအမှတ် ၃ ထက် နှစ်ဆကျော် ထုတ်လုပ်လျက်ရှိတာကို သုံးသပ်တွေ့ရှိရပါတယ်။

နေရာအမှတ် ၂ မှာလည်း ထုတ်လုပ်ပြီးသော မူးယစ်ဆေးဝါးများအားလုံးနဲ့ အရေးကြီးသော ဓာတုပစ္စည်းများကို နေရာအမှတ် ၁ လိုပဲ ရွှေ့ပြောင်းသွားတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ Pressurized Metal Reactor ၁၀ လုံးနဲ့ ဆက်စပ်ပစ္စည်းကိရိယာတွေကို ဖျက်ဆီးထားခြင်းမရှိဘဲ ကျန်ရှိနေတာကို တွေ့ရပါတယ်။ နေရာအမှတ် ၂ ရဲ့ ဧရိယာအကျယ်အဝန်းနဲ့ အသုံးပြုတဲ့ပစ္စည်းကိရိယာများအပေါ် လေ့လာတွေ့ရှိချက်များအရ နေရာအမှတ် ၃ မှာ ထုတ်လုပ်နိုင်သည့်ပမာဏထက် မလျော့နည်းဘဲ ထုတ်လုပ်နေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ နေရာအမှတ် ၂ ဟာ နေရာအမှတ် ၃ နဲ့ တည်နေရာ အနေအထားအရ ၆ ဒသမ ၂ ကီလိုမီတာခန့်သာ ကွာဝေးတာကို တွေ့ရပါတယ်။ မူးယစ်ဆေးဝါး ချက်လုပ်ရာမှာ လိုအပ်တဲ့ ဆက်စပ်ဓာတုပစ္စည်းတွေကို နေရာအမှတ် ၃ မှ ရယူချက်လုပ်နေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

နေရာအမှတ် ၁ နဲ့ အမှတ် ၂ မှ ထုတ်လုပ်နိုင်တဲ့ မူးယစ်ဆေးဝါးပမာဏတွေဟာ ယခင် သတင်းထုတ်ပြန်ခဲ့တဲ့ နေရာအမှတ် ၃ မှ မူးယစ်ဆေးဝါး ထုတ်လုပ်နိုင်တဲ့ ပမာဏထက် ၃ ဆခန့် ပိုမိုထုတ်လုပ်နိုင်တယ်ဆိုတာကို စိစစ်တွေ့ရှိရတဲ့အတွက် နေရာ ၃ ခုမှာ စုစုပေါင်းငွေကျပ် ၆၄၈၀ ဘီလီယံခန့် တန်ဖိုးရှိတဲ့ စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်နိုင်ကြောင်း ဖော်ထုတ်သုံးသပ်တွေ့ရှိရပါတယ်။

ဆက်လက်ရှင်းလင်းဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးချက်လုပ်တဲ့ နေရာအမှတ် ၄ နဲ့ ၎င်းအနီးဝန်းကျင်မှ ကနဦးစိစစ်ချက်များအရ ဘိန်းဖြူ ၁၂ ဒသမ ၄ ကီလိုနဲ့ ဓာတုပစ္စည်း ၃ မျိုး၊ ဆေးပြားရိုက်စက် ၉ လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၇ မျိုးတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။ အဲဒီအထဲမှာ Pressurized Metal Reactor ၁၁ လုံးပါတဲ့အတွက် အမှတ် ၃ နေရာထက် ပိုမိုထုတ်လုပ်နိုင်ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။ ထို့အတူ ဘိန်းဖြူချက်လုပ်တဲ့ Pressurized Metal Reactor ၄ လုံးနဲ့ အထောက်အကူပြု ၄ လုံး ထပ်မံတွေ့ရှိရတဲ့အတွက် ဘိန်းဖြူကိုပါချက်လုပ်၊ ထုတ်လုပ်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

မူးယစ်ဆေးဝါးချက်လုပ်တဲ့ နေရာအမှတ် ၅ မှ ဓာတုပစ္စည်း ၄ မျိုးနဲ့ မူးယစ်ဆေးဝါး ချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၃ မျိုး၊ နေရာအမှတ် ၆ မှ ဘွိုင်လာအိုး ၂ လုံး အပါအဝင် မူးယစ်ဆေးဝါး ချက်လုပ်ရာမှာ အသုံးပြုတဲ့ဆက်စပ်ပစ္စည်း ၄ မျိုး၊ နေရာအမှတ် ၇ မှ ဓာတုပစ္စည်း ၆ မျိုး၊ ဆေးပြားရိုက်စက် ၁ လုံးနဲ့အတူ

စာမျက်နှာ ၁၆ သို့

*စာမျက်နှာ ၁၅ မှ*

မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၁၃ မျိုး၊ နေရာအမှတ် ၈ မှ ဆေးပြားရိုက်စက် ၈ လုံးနဲ့အတူ မူးယစ်ဆေးဝါး ချက်လုပ်ရာမှာ အသုံးပြုတဲ့ဆက်စပ်ပစ္စည်း ၁၁ မျိုးကို သိမ်းဆည်းရမိခဲ့ပါတယ်။

ကျွန်တော်တို့ ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင်များ အနေနဲ့ နေရာအမှတ် ၉ ကို ရှင်းလင်းတဲ့အခါမှာ မူးယစ်ဆေးဝါးချက်လုပ်တဲ့စခန်း၊ ချက်လုပ်တဲ့ နေရာအနေနဲ့ မတွေ့ရှိရဘဲ SSPP/SSA အဖွဲ့များ နေထိုင်တဲ့ အခိုင်အမာစခန်းတစ်ခုဖြစ်နေတာကို တွေ့ရှိရပါတယ်။ အဲဒီနေရာကိုလည်း မြန်မာ့တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလုံခြုံရေး အဖွဲ့ဝင်တွေက အောင်မြင်စွာ ရှင်းလင်းနိုင်ခဲ့တာကို တွေ့ရပါတယ်။ ထူးခြားချက်အနေနဲ့ မူးယစ်ဆေးဝါး ချက်လုပ်တဲ့ နေရာများရဲ့ အနီးဝန်းကျင်မှာ SSPP/SSA ဝမ်ဟိုင်းအဖွဲ့ရဲ့စခန်းရှိနေတာကို တွေ့ရပါတယ်။

ဆက်လက်ပြီး နေရာအမှတ် ၁၀ မှ မူးယစ်ဆေးဝါးချက်လုပ်ရာမှာအသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၂ မျိုး၊ နေရာအမှတ် ၁၁ မှာ အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်ရာမှာ အသုံးပြုတဲ့နေရာ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါး ချက်လုပ်တဲ့နေရာများနဲ့ဆက်စပ်ပြီး အွန်လိုင်း လိမ်လည်လောင်းကစားမှုပြုလုပ်တဲ့နေရာတွေကို လည်း ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် သက်သေခံ လူနဲ့ပစ္စည်းတွေကို ထိန်းသိမ်းဖမ်းဆီး နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ကြိုတင်သတင်းရရှိတဲ့အတွက် ကြိုတင်ရှောင်သွားတဲ့ အနေအထားရှိတာကို သုံးသပ်တွေ့ရှိရပါတယ်။ နေရာအမှတ် ၁၂ မှ ဓာတုပစ္စည်း ၃ မျိုးနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၇ မျိုး၊ နေရာအမှတ် ၁၃ မှ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၈ မျိုး၊ နေရာအမှတ် ၁၄ မှ ဓာတုပစ္စည်း ၄ မျိုးနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်း ၁၀ မျိုးတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ မူးယစ်ဆေးဝါး အမြောက်အမြားချက်လုပ်တဲ့ ပင်ရင်းနေရာတွေကို ဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့ခြင်းကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုပြဿနာကို ထိရောက်ပြင်းထန်စွာ ဟန့်တားနိုင်ခဲ့တာကို ထင်ရှားစွာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ကနေ ယနေ့အထိ မြန်မာ့တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းအဖွဲ့တို့က မူးယစ်ဆေးဝါး ချက်လုပ်တဲ့နေရာ ၁၂ နေရာတို့ကို ဖော်ထုတ်ရှင်းလင်းခဲ့ရာ ဘိန်းဖြူ၊ အိုက်စ်(မက်သ်အဖက်တမင်း) နဲ့ စိတ်ကြွရူးသွပ်ဆေးပြား အမြောက်အမြား ထုတ်လုပ်မှုတွေကို စစ်ဆေးတွေ့ရှိခဲ့ရပြီး ဆက်လက်ဖော်ထုတ် ရှင်းလင်းလျက်ရှိပါတယ်။ အဲဒီနေရာတွေထဲက နေရာအမှတ် ၄ နဲ့ နေရာအမှတ် ၈ တို့ကို ယနေ့မြေပြင်ကွင်းဆင်းပြီး လိုက်လံရှင်းလင်းပြသသွားမှာဖြစ်ပါတယ်။ ဧည့်သည်တော်များအနေနဲ့ အဲဒီနေရာတွေမှာရှိတဲ့ စက်ရုံတွေရဲ့ မူးယစ်ဆေးဝါးချက်လုပ်နိုင်မှု စွမ်းအားတွေကိုလည်းထပ်မံပြီး မြင်တွေ့ရမှာဖြစ်ပါတယ်။ သွားရောက်မည့် ခရီးနဲ့ပတ်သက်ပြီး အချိန်ကန့်သတ်ချက်ရှိတာကြောင့် ကွင်းဆင်းလေ့လာမှုခရီးစဉ်အတွင်းနဲ့ ခရီးစဉ်အပြန်မှသာ အပြန်အလှန်မေးခွန်းတွေကို မေးမြန်းဖြေကြားမှုတွေ ဆောင်ရွက်စေလိုပါကြောင်း ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်အနက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းတွေဟာ အပါအဝင်ဖြစ်တဲ့အတွက် ဆက်လက်ပြီးတော့ မြန်မာ့တပ်မတော်နဲ့ပူးပေါင်းပြီး ကမ္ဘာ့လူသားထုတစ်ခုလုံးကို ဆိုးကျိုးပေးနေတဲ့ မူးယစ်ဆေးဝါး အန္တရာယ်ကို ဖော်ထုတ်တိုက်ဖျက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# စက်မှုသီးနှံနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာနည်းပညာဖွံ့ဖြိုးရေး ကြိုးပမ်း

**နေပြည်တော် ဇန်နဝါရီ ၂၄**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့် ပညာပေးသင်တန်းကျောင်း၏ စက်မှုသီးနှံဆိုင်ရာ နည်းပညာပေးသင်တန်း ၁/၂၀၂၆ သင်တန်းဆင်းပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အခြေခံလုပ်ငန်းခွင် အကြိုသင်တန်း တက်ရောက်နေသူများကို တွေ့ဆုံအားပေးသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး အရည်အချင်း ပြည့်ဝစွာ စိုက်ပျိုးနည်းပညာများဖြန့်ဝေပေးနိုင်ရေး ကြိုးစားကြရန်၊ ပို့ချခဲ့ပြီးသော စက်မှုသီးနှံများ ဝါ၊ လျှော်၊ ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်၊ ကြံ၊ ကော်ဖီ နှင့် အခြားသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ အပြင်ပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်း နည်းပညာများ၊ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သော ပိုးချည်မျှင်၊ ရော်ဘာအစေးခြစ်ခြင်းနှင့် ဆီအုန်းဆီကြိမ်း ထုတ်လုပ်မှုပုံစံအဆင့်ဆင့် စသည့် တန်ဖိုးမြှင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နည်းပညာများကို မိမိတာဝန်ကျဒေသသို့ ပြန်ရောက်ချိန်၌ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ တောင်သူများကို နည်းပညာများပြည့်စုံစွာ ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်မှုသီးနှံနည်းပညာပေး သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ပြီး တာဝန်ရှိသူများက အသန့်ရှင်းဆုံးအိပ်ခန်းဆုများကို ပေးအပ်ကြသည်။ စက်မှုသီးနှံဆိုင်ရာ နည်းပညာပေး သင်တန်း(၁/၂၀၂၆)သို့ သင်တန်းသား သင်တန်းသူ ၇၃ ဦး တက်ရောက်ခဲ့ပြီး အခြေခံလုပ်ငန်းခွင်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၉၉ ဦး တက်ရောက်လျက်ရှိသည်။

ယင်းနောက် မျိုးစေ့ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေး သင်တန်းကျောင်း CARTC ဝန်ထမ်းများနှင့် တွေ့ဆုံ၍ CARTC သင်တန်းကျောင်း၏ သင်ကြားရေး ဆရာ ဆရာမများအား မွမ်းမံသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်နိုင်ရေး စီမံပေးရန်နှင့် ဝန်ထမ်းများအားလုံး AI နည်းပညာများကို အသုံးပြုလေ့လာကြရန်၊ သင်တန်းကျောင်းအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် လက်တွဲ၍ မြို့နယ်အတွက် သင့်တော်သော သီးနှံပုံစံများ စိုက်ပျိုးနိုင်ရေး နည်းပညာများ ပူးပေါင်းဆောင်ရွက်ရန်နှင့် အပတ်စဉ် စနေနေ့များတွင် ကျင်းပသည့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲသို့ Zoom စနစ်ဖြင့် တက်ရောက်ကြရန်၊ တောင်သူလယ်သမားများ လိုအပ်သော သုတနှင့်နည်းပညာများ ဖြန့်ဝေပေးရန်နှင့် လက်လှမ်းမီ သုတေသနများ တိုးတက်ဆောင်ရွက်ပြီး တောင်သူ သင်တန်းများ ဖွင့်လှစ်ပေးရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးဌာန၊ ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနဖွံ့ဖြိုးရေး ဗဟိုဌာန VFRDC သို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရန်အတွက် အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်နှင့် မျိုးစေ့နည်းပညာများ ရှာဖွေလေ့လာရန်၊ စီးပွားဖြစ်စိုက်ပျိုးခြင်း မရှိသေးသည့် ဟင်းသီးဟင်းရွက်မျိုးနှင့် သစ်သီးဝလံပင်များ မျိုးသုဉ်း ပျောက်ဆုံးမှုမရှိစေရန် စုဆောင်းထိန်းသိမ်းခြင်းနှင့် သုတေသနများဆောင်ရွက်ရန်၊ သီးနှံထွက်ကုန်များ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် GAP နှင့် အောဂဲနစ်စိုက်ပျိုးရေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(တံတားတည်ဆောက်ရေး)၊ နေပြည်တော်မှ တာဝန်ယူဆောင်ရွက်နေသော ရွာသစ်-ရုံးပင်-ရှမ်းရွာ-ဗွက်ကြီးရိုး-သဖန်းပင်-ရေကာ-ဘိုကတော်-ကြို့တန်း-သစ်ခေါက်ခွ-ကြို့ပင်ကျေးရွာချင်းဆက်လမ်း ၀ ကီလိုမီတာမှ ၀ ဒသမ ၄ ကီလိုမီတာ အတွင်း ၀ ဒသမ ၄ ကီလိုမီတာအရှည် မူလအမာခံလမ်းအား ၃ ဒသမ ၆၆ မီတာအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် Zalat Group Co.ltd မှ တာဝန်ယူဆောင်ရွက်နေသည့် ၅ ဒသမ ၆ ကီလိုမီတာမှ ၇ ဒသမ ၄ ကီလိုမီတာအတွင်း ၁ ဒသမ ၆ ကီလိုမီတာအရှည် မူလအမာခံလမ်းအား ၄ ဒသမ ၂၇ မီတာအကျယ် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



စဥ့်ကိုင်မြို့နယ် မြို့မဈေးအတွင်း၌ မီးဘေးလုံခြုံရေး စနစ်တကျရှိစေရေးနှင့် မီးလောင်မှုဖြစ်ပွားမှု လျော့နည်းစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဇန်နဝါရီ ၂၃ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသမှုကို ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြသစဉ်။ ကျော်စွာ(စဥ့်ကိုင်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေး

**လှိုင်ကော် ဇန်နဝါရီ ၂၄**

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ဦးတည်ချက် (၄) ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဆိုသည့်အချက်ကို ထည့်သွင်း ချမှတ်ထားပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ဒေသတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျန်းမာရေးဌာနခွဲများကို ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပြီး ရောဂါကာကွယ်ဆေးများကိုလည်း မြို့ပြကျေးလက်မကျန် အသက်အရွယ်နှင့် ဆေးအမျိုးအစားအလိုက် ထိုးနှံပေးလျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး မှတ်တမ်းဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်အား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ လားဟူစုပေါင်းရိုးရာ ယဉ်ကျေးမှုကွင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ လားဟူတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လားဟူတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ထင်းရှူးပင် ပတ်လည်၌ ဘူးပလွေ၊ မြေဝိုင်းအကများဖြင့် လှည့်လည်ကပြဖျော်ဖြေမှုတွင် ပါဝင်ဆင်နွှဲကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားဟူတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြပြီး ရိုးရာလက်ဆေးမင်္ဂလာ ပြုလုပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားပြီး ရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြား၍ ပွဲတော်ဖြစ်မြောက်ရေး ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ကာ မြန်မာနိုင်ငံလုံးဆိုင်ရာ လားဟူတိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက လားဟူတိုင်းရင်းသားများ၏ နှစ်သစ်ကူးသမိုင်းကြောင်းအား ရှင်းလင်းပြောကြားပြီး "နှစ်သစ်ကူးအကအလှ" သီချင်းအား ရိုးရာယဉ်ကျေးမှုအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မိုင်းဆတ်မြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ လားဟူတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းရင်းသားလူငယ်နှစ်ဦးက ဒေသတွင်း လိုအပ်ချက်များအား တင်ပြခဲ့ပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ရတနာပုံ(စ)ဈေးတွင် မီးဘေးအန္တရာယ်လုံခြုံရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့်ဈေးသူဈေးသားများ ပူးပေါင်းလေ့ကျင့်စဉ်။ ဇော်ဘီ

**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**

○ *ကျောဖုံးမှ*

တန်းဆင်းဇုန်မှ လွတ်မြောက်ရန် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး အာရုံစိုက်ကစားလာသည့် ပီဆာအသင်းသည် နာမည်ကြီး အင်တာမီလန်အသင်းကို ပွဲချိန်တစ်လျှောက် အခက်တွေ့အောင် ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။

အမှတ်ပေးဇယားကို ရမှတ်ပြတ်ဦးဆောင်နိုင်ရေး ခြေကုန်ထုတ်လာသည့် အင်တာမီလန်အသင်းက ပွဲချိန် ၂၃ မိနစ်အတွင်း ပြိုင်ဘက်ပီဆာအသင်း၏ နှစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်ခြင်း ခံခဲ့ရသော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးများနှင့် အနိုင်ဂိုးများ ဆက်တိုက်သွင်းယူကာ အရေးပါသည့်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့သည်။

အင်တာမီလန်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းထက် တစ်ပွဲပိုကစားပြီး ရစ်မှတ်အသာ ရမှတ် ၅၂ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ပီဆာအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် စီးရီးအေ ရှုံးပွဲ ၁၀ ပွဲနှင့်အတူ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ဆက်လက်ရပ်တည်နေသည်။ အင်တာမီလန်အသင်းသည် စီးရီးအေ ၂၂ ပွဲကစားပြီးချိန်တွင် အသင်းတိုက်စစ်က ရဂိုး ၅၀ ဖြင့် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ ပြိုင်ဘက်ပီဆာအသင်းက ပေးဂိုး ၃၇ ဂိုးဖြင့် ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

(မျက်မမြင်) စစ်တုရင်၊ အလေးမ၊ ဘိုးလင်းနှင့် စားပွဲတင်တင်းနစ် အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့တွင် ဒေသစံတော်ချိန် နံနက် ၉ နာရီမှစတင်၍ ရေကူးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ (S10) အမျိုးသား မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် စိုးဝင်းက ရွှေတံဆိပ်၊ (S4) အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်းထက်က ရွှေတံဆိပ်၊ ပြေးခုန်ပစ်အားကစားနည်းမှ (F63) အမျိုးသား လုံးတံပစ်ပြိုင်ပွဲတွင် ဒုအရာခံဗိုလ် တင်ညိုက ရွှေတံဆိပ်၊ (F44, F64) အမျိုးသား လုံးတံပစ်ပြိုင်ပွဲတွင် ဒုတပ်ကြပ်(ငြိမ်း) စိုးသန်းက ရွှေတံဆိပ်၊ (F56) အမျိုးသား လုံးတံပစ်ပြိုင်ပွဲတွင် စည်သူထက်က ရွှေတံဆိပ်၊ (F63) အမျိုးသား လုံးတံပစ်ပြိုင်ပွဲတွင် ဒုတပ်ကြပ်(ငြိမ်း) အောင်ထွန်းလင်းက ငွေတံဆိပ်၊ (F44, F64) အမျိုးသား လုံးတံပစ်ပြိုင်ပွဲတွင် ဒုတပ်ကြပ် နောင်နောင်လင်းက ငွေတံဆိပ်၊ (F46) အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် အောင်ဘုန်းမြတ်က ငွေတံဆိပ်၊ (T46) အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် နန္ဒာလင်းက ငွေတံဆိပ်၊ (T47) အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် အောင်မြင့်မြတ်က ငွေတံဆိပ်၊ ရေကူးအားကစားနည်းမှ (S4) အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် နိုဇင်က ကြေးတံဆိပ်၊ အလေးမ အားကစားနည်းမှ အေးသူအောင်က 86 kg တန်းတွင် ကြေးတံဆိပ်ဆုများကို ဆွတ်ခူးရရှိခဲ့သည်။

ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့သည့် (T44, T64) အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် လော်လာဝင်းသည် ကြေးတံဆိပ်ရရှိခဲ့သော်လည်း ၎င်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိခဲ့သော ကစားသမားသည် Disqualified ဖြစ်မှုကြောင့် ဆုပယ်ဖျက်ခြင်းခံရ၍ လော်လာဝင်းအား ငွေတံဆိပ် သတ်မှတ် ချီးမြှင့်ခဲ့သည့်အပြင် စတုတ္ထနေရာတွင်ရှိသော နန်းစန်းရတနာထွန်းကိုလည်း ကြေးတံဆိပ် သတ်မှတ်ချီးမြှင့်ခဲ့သည်။

ဆုပေးပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံမသန်စွမ်းအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ရွှေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့် ကြေးတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၁၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် 80th Birthday Anniversary Stadium အတွင်း ကျင်းပလျက်ရှိသည့် ထိုင်လျက်ဘော်လီဘော ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို လည်းကောင်း၊ Center Point Hotel Terminal 21(Korat)ရှိ အလေးမ အားကစားနည်းနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲများကိုလည်းကောင်း၊ Nakhon Ratchasima Rajabhat University တွင် (မျက်မမြင်) စစ်တုရင်နှင့် ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲများကို လည်းကောင်း၊ Blu-O Rhythm & Bowl, Esplanade Ratchada ရှိ ဘိုးလင်းပြိုင်ပွဲများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဇန်နဝါရီ ၂၅ ရက်တွင် မြန်မာ မသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ခုနစ်ယောက်တစ်ဖက် ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ (မျက်မမြင်)ဂိုးလ်ဘော (မျက်မမြင်) စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းတို့ကို ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင် မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ဇန်နဝါရီ ၂၄ ရက် ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၁၆ ခုနှင့် ကြေးတံဆိပ် ၁၆ ခု စုစုပေါင်းဆုတံဆိပ် ၄၈ ခု ဆွတ်ခူးရရှိထားပြီး နိုင်ငံအလိုက်အဆင့်(၆)တွင် ဆက်လက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သီရိလင်္ကာ၌ ယာဉ်မောင်းများအား မူးယစ်ဆေးသုံးမှုရှိ မရှိ ရှောင်တခင်စစ်ဆေးခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့ဆောင်ရွက်မည်

ကိုလံဘို ဇန်နဝါရီ ၂၄

**သီရိလင်္ကာနိုင်ငံ၌ ကနဦးစစ်ဆေးမှုများအရ ယာဉ်မောင်းများ တရားမဝင်မူးယစ်ဆေးဝါး သုံးစွဲထားသည်ကို တွေ့ရှိရပြီးနောက် ခရီးသည်တင်ဘတ်စ်ကားမောင်းနှင်သူများအား ရွေ့လျားဓာတ်ခွဲခန်းများဖြင့် မူးယစ်ဆေးသုံးစွဲမှု ရှိ မရှိ ရှောင်တခင်စစ်ဆေးမည့်အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးတစ်ဦးက ပြောကြားသည်။**

ခရီးသည်တင်ယာဉ်မောင်း ၅၆ ဦးကို ရွေ့လျားဓာတ်ခွဲခန်းဖြင့် စစ်ဆေးခဲ့ရာ ၁၀ ဦးမှာ မူးယစ်ဆေးဝါးသုံးစွဲထားသည်ကို တွေ့ရှိခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးနှင့် အဝေးပြေးလမ်းမကြီးများဆိုင်ရာ ဒုတိယဝန်ကြီး ပရာဆန်နာ ဂုဏာဆေနာက ဆိုသည်။

ဇန်နဝါရီ ၂၂ ရက်က စတင်ခဲ့သော အဆိုပါအစီအစဉ်သည် မူးယစ်ဆေးဝါးသုံးစွဲပြီး မောင်းနှင်သည့် ယာဉ်မောင်းသူများနှင့် ယာဉ်နောက်လိုက်များကို စစ်ဆေးဖော်ထုတ်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ပထမအဆင့် ရှောင်တခင်စစ်ဆေးမှုများကို ကိုလံဘိုမြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆီးနမူနာစစ်ဆေးချက်များအရ မက်သ်အဖက်တမင်း(အိုက်စ်)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများ သုံးစွဲထားကြောင်း အတည်ပြုနိုင်ခဲ့သည်။ မူးယစ်ဆေးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိသည့် ယာဉ်မောင်းများကို ဥပဒေအရ ဆက်လက်အရေးယူနိုင်ရန် လွှဲပြောင်းပေးထားကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ယာဉ်မောင်းအချို့သည် စစ်ဆေးရေးဂိတ်များကို ရှောင်ကွင်းရန် ကြိုးပမ်းခြင်း၊ စစ်ဆေးမှုပြုလုပ်နေသည့် လမ်းကြောင်းများကို သိရှိရှောင်ရှားနိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် အချင်းချင်းဆက်သွယ်အကြောင်းကြားခြင်းများ ပြုလုပ်နေကြသည်ကိုလည်း သတိပြုမိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



လမ်းအန္တရာယ်ကင်းရှင်းရေး မြှင့်တင်ရန် ဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ထိုသို့စစ်ဆေးမှုများကို ပုံမှန်ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးသည့် အကြိမ်အရေအတွက်ကိုလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ဆင်ဟွာ

# ဖမ်းဆီးထားသည့် အိုင်အက်စ် အကျဉ်းသားများအတွက် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးများကို မျှဝေကျခံရန် အီရတ်နိုင်ငံခြားရေးဝန်ကြီးက အီးယူကို တိုက်တွန်း

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၄**

ဖမ်းဆီးထားသည့် အိုင်အက်စ်အကျဉ်းသားများ၏ လုံခြုံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို အီရတ်နိုင်ငံတစ်နိုင်ငံတည်းသာ မကျခံသင့်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံအားလုံးတွင် တာဝန်ရှိကြောင်းနှင့် အဆိုပါပြဿနာကိုဖြေရှင်းရန် တာဝန်ရှိကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖူအက်ဟူစိန် က ဇန်နဝါရီ ၂၄ ရက်တွင် ပြောသည်။

ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးကိစ္စရပ်များနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အထူးကိုယ်စားလှယ် ကာဂျာကားလက်စ်နှင့် ဖုန်းခေါ်ဆိုစဉ် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်က ယခုလိုပြောကြားခဲ့ခြင်း ဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၎င်းတို့နှစ်ဦးသည် ဆီးရီးယားနိုင်ငံ၌ တိုးတက်မှုအခြေအနေများ၊ ကာ့ဒ်များဦးဆောင်သည့် ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ ထိန်းချုပ်ရာဒေသရှိ အကျဉ်းထောင်မှ အိုင်အက်စ်အကျဉ်းသားများ ထွက်ပြေးလာမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

ကားလက်စ်ကလည်း ဆီးရီးယားရှိ အိုက်အက်စ်အကျဉ်းသားများကို လက်ခံပေးသည့် ကနဦးသဘောတူညီမှုအတွက် အီရတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ ဆီးရီးယားမှ လွှဲပြောင်းပေးသည့် အိုင်အက်စ်အကျဉ်းသား ၁၅၀ ကို အီရတ်နိုင်ငံက မကြာသေးမီအချိန်အတွင်း လက်ခံပေးခဲ့ပြီးနောက် ယခုလိုဆွေးနွေးမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အကျဉ်းသားများကို ဟာဆာခါ့ရှိ ထိန်းသိမ်းရေးစခန်းမှ အီရတ်ရှိ လုံခြုံသောနေရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက ပြောကြားခဲ့သည်။ ယင်းကဲ့သို့ လွှဲပြောင်းမှုသည် အိုင်အက်စ်အကျဉ်းသား ၇၀၀၀ အထိ အီရတ်ထိန်းချုပ်ရာနေရာများတွင် ထားရှိမည့် ကျယ်ပြန့်သော အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

ဇန်နဝါရီ ၂၃ ရက်ကလည်း အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီယာအယ်လ်ဆူဒါနီသည် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ဖုန်းခေါ်ဆိုမှုအတွင်း အိုင်အက်စ်အဖွဲ့ဝင်များနှင့်ဆက်စပ်နေသည့် ၎င်းတို့နိုင်ငံသားများကို ပြန်လည်ခေါ်ယူကြရန် အီးယူအဖွဲ့ဝင်နိုင်ငံများ အပါအဝင် ကမ္ဘာအနှံ့မှ နိုင်ငံများကိုတိုက်တွန်းပြောကြားခဲ့သည်။

ဆင်ဟွာ

# လာအိုနိုင်ငံ၌ အမျိုးသားရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများ အရှိန်မြှင့်ဆောင်ရွက်

**ဗီယင်ကျန်း ဇန်နဝါရီ ၂၄**

လာအိုနိုင်ငံ၏ (၁၀) ကြိမ်မြောက် အမျိုးသားလွှတ်တော်နှင့် ပဉ္စမအကြိမ်မြောက် ပြည်နယ်ပြည်သူ့ကောင်စီအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်မည့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရှိန်မြှင့်လုပ်ဆောင်နေပြီဖြစ်သည်။ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ချောမွေ့စေရေး၊ ပွင့်လင်းမြင်သာစွာနှင့် ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် ဗဟိုနှင့် ဒေသန္တရရွေးကောက်ပွဲကော်မတီများအကြား ပူးပေါင်းညှိနှိုင်းမှုများကို အားကောင်းအောင်လုပ်ဆောင်လျက်ရှိသည်။

ပြည်နယ်အသီးသီးတွင်လည်း ရွေးကောက်ပွဲအကြိုပြင်ဆင်မှုများမှာ အရှိန်ရလာပြီဖြစ်သည်။ ဆာဗန်နာခတ်ပြည်နယ်တွင် ရွေးကောက်ပွဲတာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ဆွေးနွေးပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများအကြား နိုင်ငံရေးဆိုင်ရာ အသိပညာ ဗဟုသုတများမြှင့်တင်ပေးရန် အရေးကြီးကြောင်း အလေးအနက်ထား ဆွေးနွေးခဲ့ကြသည်။

မဲဆန္ဒရှင်စာရင်းများကို အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်စွာ ပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများက မှာကြားခဲ့ပြီး ပြည်သူများတက်ကြွစွာ ပါဝင်လာစေရန်အတွက် နိုင်ငံတော်၏ညွှန်ကြားချက်များနှင့် ဒေသန္တရဝိသေသလက္ခဏာများကို ပေါင်းစပ်ကာ တီထွင်ဖန်တီးမှုရှိသော နည်းလမ်းများဖြင့် လူထုထံသို့ ဖြန့်ဝေအသိပေးရန် တိုက်တွန်းထားသည်။

တစ်ချိန်တည်းတွင် နည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပါတီဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား ရွေးကောက်ပွဲဆိုင်ရာ ညွှန်ကြားချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အသိပေးဖြန့်ဝေခြင်းဆိုင်ရာ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဆင်ဟွာ



# နယ်သာလန်လေကြောင်းလိုင်း အရှေ့အလယ်ပိုင်းဒေသများသို့ ပျံသန်းမည့် ခရီးစဉ်များ ယာယီရပ်ဆိုင်း

**သည်ဟိတ်ဂ် ဇန်နဝါရီ ၂၄**

နယ်သာလန်နိုင်ငံ၏ အဓိကလေကြောင်းလိုင်းတစ်လိုင်း ဖြစ်သည့် KLM သည် အရှေ့အလယ်ပိုင်းဒေသများသို့ လေကြောင်းပျံသန်းပြေးဆွဲမှုများ ယာယီရပ်ဆိုင်းလိုက်ကြောင်း နယ်သာလန်မီဒီယာများက ဇန်နဝါရီ ၂၃ ရက်တွင် ဖော်ပြထားသည်။

နယ်သာလန် အများပြည်သူပိုင် ရုပ်သံထုတ်လွှင့်ရေးဌာန NOS ၏ ဖော်ပြချက်အရ အဆိုပါလေကြောင်းလိုင်းသည် အီရတ်၊ အီရန်၊ အစ္စရေးနှင့် ပင်လယ်ကွေ့နိုင်ငံအများအပြား၏ လေပိုင်နက်ကို အသုံးပြုပျံသန်းခြင်းများ လုပ်ဆောင်တော့မည် မဟုတ်ကြောင်း သိရသည်။



တဲလ်အဗစ်၊ ဒူဘိုင်း၊ ဒမ်မမ်နှင့် ရီယာ့ဒ်တို့သို့ ပျံသန်းမည့် လေကြောင်း ခရီးစဉ်များကို နောက်ထပ်ကြေညာချက် မထုတ်ပြန်မချင်း ဖျက်သိမ်းထားကြောင်း သိရသည်။

လေကြောင်း ပျံသန်းပြေးဆွဲမှုများ ယာယီရပ်ဆိုင်းသည့် အကြောင်းရင်းကို တိတိကျကျ ဖော်ပြထားခြင်း မရှိသော်လည်း ပထဝီနိုင်ငံရေး အခြေအနေများကိုသာ ကိုးကားဖော်ပြထားသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်၌ ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုနှင့် မိုးရွာသွန်းမှုကြောင့် ၆၁ ဦး သေဆုံး၊ ၁၁၀ ဒဏ်ရာရ

**ကဘူးလ် ဇန်နဝါရီ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ၌ ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုတို့ကြောင့် ၆၁ ဦးခန့် သေဆုံးပြီး ၁၁၀ ဒဏ်ရာရရှိခဲ့သည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၂၄ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

လူ့အသက် ဆုံးရှုံးရမှုများအပြင် နေအိမ် ၄၅၈ လုံး ပျက်စီးခဲ့ရသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောသည်။ ယခုအချက်အလက်များမှာ ကနဦး အချက်အလက်များဖြစ်ပြီး ဒေသအများအပြားတွင် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်မှုများ ဆက်လက်လုပ်ဆောင်ဆဲဖြစ်သည်။

ထို့ကြောင့် သေဆုံးသူဦးရေနှင့် ပျက်စီးဆုံးရှုံးမှုအရေအတွက် တိုးလာနိုင်သေးကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သည့် သုံးရက်အတွင်း အာဖဂန်နစ္စတန်ရှိ ဒေသအများအပြားတွင် အပူချိန်ကျဆင်းပြီး ဆီးနှင်းများ ပြင်းထန်စွာ ကျဆင်းခဲ့သည်။

ထို့ကြောင့် အဓိကအဝေးပြေးလမ်းမကြီးများနှင့် မြို့တော် ကဘူးလ်သို့ ဆက်သွယ်ထားသည့်လမ်းများ ပိတ်ထားခဲ့ရသည်။

ဆင်ဟွာ

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**သထုံ ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် သထုံခရိုင်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ ကျောင်းသားကျောင်းသူများက မြန်မာပြည်မှာ စာပဒေသာဝေဆာစေ သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ဖျော်ဖြေကြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ပေးအပ်ရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးချိုချိုက ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူး ဦးခဲမိုင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်က တောင်တွင်းကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း(မိုးထိ)၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ပန်းချီလက်ရာပြခန်း၊ အိမ်တွင်းမှုပြခန်း၊ သင်ထောက်ကူပြခန်း၊ ကျောင်းစာကြည့်တိုက်နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဘဲရုပ်စွပ်ပြိုင်ပွဲနှင့် ခါးလှည့်ပြိုင်ပွဲများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားကာ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်ဆက်)**

## အောင်လံမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**အောင်လံ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းကို ကျင်းပသည်။



ယင်းနောက် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများ၊ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများနှင့် သီဆိုဖျော်ဖြေပေးကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **မြို့နယ်(ပြန်/ဆက်)**




မအူပင်မြို့ပေါ်ရပ်ကွက်များ၌ မီးဘေးအန္တရာယ်ဖြစ်လာပါက လွယ်ကူစွာမီးငြိမ်းသတ်နိုင်ရေးအတွက် အရေးပေါ်ဆောင်ရွက်ထားရှိသည့် ရေစုပ်တွင်းများ၊ ရေစုပ်စက်များ ကောင်းမွန်မှု ရှိ၊ မရှိကို မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်ဖြိုးနှင့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက်တွင် မြေပြင်ကွင်းဆင်းစစ်ဆေးစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



ခနော်ဖြူမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေး လိုက်လံနှိုးဆော်မှုကို မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၃ ရက်တွင် ဆောင်ရွက်စဉ်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ချောင်းဆုံမြို့နယ်လုံးဆိုင်ရာ အကြိမ်(၇၀)မြောက် ပရိယတ္တိ မွန်-မြန်မာ နှစ်ဘာသာ ရေးဖြေစာမေးပွဲဖြေဆို

**ချောင်းဆုံ ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပရိယတ္တိစာပေများ ထူးချွန်သူရဟန်းရှင်လူများ ပေါ်ထွန်းလာစေရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဂိုဏ်းပေါင်းဆုံ ပရိယတ္တိဟိတကာရီအဖွဲ့၏ အကြိမ်(၇၀)မြောက် ပရိယတ္တိ မွန်-မြန်မာ နှစ်ဘာသာ ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၂၃ ရက်က မင်းကျောင်းသာသနာ့ဗိမာန်တော်၌ တတိယနေ့ ဆက်လက်ဖြေဆိုခဲ့သည်။

အဆိုပါ ပရိယတ္တိ မွန်-မြန်မာ ရေးဖြေစာမေးပွဲကို ဆရာတော်၊ သံဃာတော်အပါး ၂၀ ၏ ကြီးကြပ်မှုဖြင့် ဝင်ရောက်ဖြေဆိုသူ သံဃာတော်နှင့် သီလရှင်စာချတန်း ၄၃ ပါး၊တတိယတန်း ၅၉ ပါး၊ ဒုတိယတန်း ၆၄ ပါး၊ ပထမတန်း အပါး ၁၂၀၊ ဥပစာတန်း ၆၇ ပါးနှင့် မူလတန်း အပါး ၁၁၀ စုစုပေါင်း စာဖြေသံဃာတော်နှင့် သီလရှင် ၄၆၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး စာမေးပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။ **ကိုကျော်(ချောင်းဆုံ)**



## အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇)၌ (၁၀)ရက် တရားစခန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်း၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ ဝိဇ္ဇာကာသီ သီရိကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ)Ph.D (Social Science),Ph.D (Vipassan Bhvan)Thailand နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ ပြည်တွင်း ပြည်ပကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထေရ်ရှင်မြတ်အား အမှူးထားပြီး (၂၀၄) ကြိမ်မြောက် (၁၀)ရက် တရားစခန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါတရားစခန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့အထိမ်းအမှတ်အဖြစ် တရားဒေသနာတော်များ ဟောကြားရာ သံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ယောဂီများ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက်နာယူကြသည်။

**ကျော်ဆန်းမြင့်**



ရွှေကူမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ဇန်နဝါရီ ၂၃ ရက်က မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ ခရိုင်(ပြန်/ဆက်)

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး
## (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) အစမ်းလေ့ကျင့်မည့်ရက် - (၂၇-၂-၂၀၂၆)ရက် (သောကြာနေ့)

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - (၂၈-၂-၂၀၂၆)ရက်(စနေနေ့)

၂။ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးမှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (၅/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ (၁/၂၀၂၅)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ (၂၀၂၀-ပြည့်နှစ်မှ ၂၀၂၄-ခုနှစ်အတွင်း အထွေထွေသွားရောဂါကုဒီပလိုမာ၊ သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့ ပါရဂူဘွဲ့သင်တန်းအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

(ဃ) နောက်ဆုံးနှစ်ဘီဒီအက်စ် (၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(င) နောက်ဆုံးနှစ်ဘီဒီအက်စ် (၁/၂၀၂၃)သင်တန်း(နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ

(စ) နောက်ဆုံးနှစ် ဘီဒီအက်စ် (၁/၂၀၂၄)သင်တန်း(ပုံမှန်) စာမေးပွဲ အောင်မြင်ပြီးသူများ (ထိုကာလမတိုင်မီက အလုပ်သင်ဆရာဝန်တာဝန်(၁)နှစ်ထမ်းဆောင်ပြီးဆုံး၍ ဘွဲ့နှင်းသဘင် မတက်ရောက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တက်ရောက်ဘွဲ့ = ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့ = ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

(ခ) အထွေထွေသွားရောဂါကုဒီပလိုမာ = ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး ကျောင်းသားရေးရာဌာနတွင် တောင်းယူဖြည့်စွက်လျက်(အမျိုးသား- မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး- မြန်မာဝတ်စုံ)ဖြင့် လတ်တလောရိုက်ကူးထားသော (၁½"x၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် (၂၆-၁-၂၀၂၆)မှ (၆-၂-၂၀၂၆)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ လည်းကောင်းတက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်း(၀၉-၂၅၉၅၂၆၇၅၀၊ ၀၉-၄၀၂၆၈၀၁၂၃၊ ၀၉-၇၇၂၁၄၁၂၈၈) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လက်ထောက်မော်ကွန်းထိန်း**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်**
**မန္တလေး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၆)၊ စွယ်တော်ရိပ် (၄) လမ်း၊ မြေကွက်အမှတ်(၂၄၂) မြေပေအကျယ် (၄၀x၆၀) ရှိ ဦးသိန်းဝင်း (၃) အမည်ပေါက်ပါမစ် မြေကွက်မှ မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၂၄၁) နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေပေအကျယ်ပေ(၂၀x၆၀)ရှိမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော လုံးခြင်းနေအိမ်သည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူ ဒေါ်သက်မာစိုး ၁၂/ဒဂမ(နိုင်)၀၀၇၆၂၅) မှ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား ပါမစ်မူရင်းအပါအဝင် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, DIL.(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

